# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၂၇၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာအေးဘုရားလမ်း ဓမ္မစကြာရိပ်သာကျောင်းတိုက်ရှိ အနန္တသုခ(၅)ထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇာဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနန္တသုခ (၅) ထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။

နေပြည်တော် ဇူလိုင် ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကမ္ဘာအေးဘုရားလမ်း ဓမ္မစကြာရိပ်သာကျောင်းတိုက်ရှိ အနန္တသုခ (၅) ထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီး ကျောင်းလွှတ် ပူဇာဖွင့်ပွဲသို့ ယနေ့နံနက်ပိုင်းတွင် တက်ရောက်ဖွင့်လှစ်သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တကုမာရဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဇနီး ဒေါ်ကြူကြူလှ၊ မိသားစုဝင်များနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ မြို့တော်ဝန်နှင့် ဇနီး၊ အလှူရှင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားပြုလုပ်မည့်နေရာသို့ ရောက်ရှိကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ကျောင်းဒါယကာအလှူရှင် ဒေါက်တာ သာရင်မြတ် တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

## ယနေ့ ဖတ် စ ရာ


**ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်းရှိ လူဦးရေ တစ်သန်းခန့် စစ်ကျန်မိုင်းနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများ၏အန္တရာယ်ခြိမ်းခြောက်ခံနေရ**

နိုင်ငံတကာသတင်း | စာ - ၁၃

**လူမှုဘဝနှင့်လုပ်ငန်းအောင်မြင်ရေးအတွက် စစ်ဆေးမှုလိုအပ်ခြင်း**

ဆောင်းပါး | စာ - ၂၀

**အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာအသင်း ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိ**



အားကစားသတင်း | စာ - ၂၆

# လန်ချန်း - မဲခေါင်ရေအလျဉ် တသွင်သွင်စီးဆင်းနေသည့်နှယ်

လန်ချန်း သို့မဟုတ် မဲခေါင်သည် အာရှတိုက်၏ အထင်ကရမြစ်တစ်စင်းဖြစ်ပြီး နိုင်ငံခြောက်နိုင်ငံကို ဖြတ်သန်းစီးဆင်းသည့် နိုင်ငံဖြတ်ကျော်မြစ်ကြီးလည်းဖြစ်သည်။ တိဘက်ကုန်းပြင်မြင့်တွင် မြစ်ဖျားခံ၍ တရုတ်နိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းရာတွင် မြစ်၏အမည်မှာ လန်ချန်းဖြစ်ပြီး မြန်မာနှင့် လာအိုနှစ်နိုင်ငံအကြားတွင် နိုင်ငံနယ်နိမိတ်မြစ်အဖြစ်၊ ယင်းနောက် ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ကို ဆက်လက်ဖြတ်သန်းစီးဆင်းရာတွင် မဲခေါင်မြစ်ဟူ၍ ဖြစ်လာကာ တောင်တရုတ်ပင်လယ်အတွင်းသို့ စီးဝင်သည်။ လန်ချန်း–မဲခေါင်မြစ်ဝှမ်း ခြောက်နိုင်ငံတို့မှာ တောတောင်ရေမြေတို့ ဆက်စပ်နေသလို ယဉ်ကျေးမှုများလည်း ဆက်နွှယ်နေသည်။ နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုများ နက်နက်ရှိုင်းရှိုင်းရှိသကဲ့သို့ပင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကျိုးစီးပွားတို့မှာလည်း နီးနီးကပ်ကပ် အကျိုးချင်းထပ်လျက်ရှိသည်။

၂၀၁၂ ခုနှစ်တွင် ထိုင်းနိုင်ငံက စတင်ကမ်းလှမ်းခဲ့သည့် လန်ချန်း–မဲခေါင်ဒေသ၌ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အဆိုပြုချက်နှင့် တရုတ်နိုင်ငံ၏ တက်ကြွစွာတုံ့ပြန်မှု၊ ၂၀၁၄ ခုနှစ် (၁၇)ကြိမ်မြောက် တရုတ်–အာဆီယံခေါင်းဆောင်များ အစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် လီခဲ့ချန်း အဆိုပြုသည့် လန်ချန်း–မဲခေါင်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး ယန္တရားနှင့် မဲခေါင်မြစ်ဝှမ်းငါးနိုင်ငံတို့၏ စိတ်အားထက်သန်စွာပါဝင်မှု၊ ၂၀၁၆ ခုနှစ်တွင် ပထမအကြိမ် လန်ချန်း–မဲခေါင် ပူးပေါင်းဆောင်ရွက်မှု (LMC) အစည်းအဝေးမှ ထွက်ပေါ်လာသည့် "ငြိမ်းချမ်းရေးနှင့် စည်ပင်သာယာဝပြောရေးကို မျက်နှာမူသည့် လန်ချန်း–မဲခေါင်နိုင်ငံများ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေး" ဆန်းယကြေညာချက်တို့သည် လန်ချန်း–မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး ယန္တရား၏ သမိုင်းအစပင်ဖြစ်သည်။

လန်ချန်း–မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး ယန္တရား၏ ရည်ရွယ်ချက်များသည် မြစ်ဝှမ်းနိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံအသီးသီးရှိ ပြည်သူများ၏ အကျိုးစီးပွားကို မြှင့်တင်နိုင်ရေး၊ ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက်ကို လျှော့ချရေး၊ အာဆီယံအေးအတူပူအမျှ အသိုက်အဝန်း အတူတကွ တည်ဆောက်မှုကို အထောက်အကူပြုရေး၊ ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များပြည့်မီအောင် တွန်းအားပေးအကောင်အထည်ဖော်ရေး၊ ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးကို တွန်းအားပေးနိုင်ရေးဟူသော ဒေသတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို ဦးတည်သည့်၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဘုံအကျိုးစီးပွားကို ဖြစ်ထွန်းစေသည့် ရည်ရွယ်ချက်ကောင်းများပင်ဖြစ်သည်။

လန်ချန်း – မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးယန္တရား၏ (၇)ကြိမ်မြောက်လန်ချန်း–မဲခေါင်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ပုဂံမြို့တွင် ဇူလိုင် ၂ ရက်မှ ၅ ရက်အထိ ကျင်းပလျက်ရှိသည်။ လန်ချန်း–မဲခေါင် ပူးပေါင်းဆောင်ရွက်မှု (LMC) သည် စတင်လည်ပတ်ခဲ့သည့် ၂၀၁၆ ခုနှစ်မှစတင်၍ တိုးတက်မှုများ လျင်လျင်မြန်မြန် ဖြစ်ပေါ်ခဲ့သလို တန်းတူညီမျှခြင်း၊ မှန်ကန်သော စေတနာဖြင့် အပြန်အလှန်ကူညီဖေးမခြင်း၊ ချစ်ကြည်ရင်းနှီးခြင်းဟူသော လန်ချန်း–မဲခေါင် ယဉ်ကျေးမှုကိုလည်း ပျိုးထောင်နိုင်ခဲ့ပြီးဖြစ်ရာ ဒေသခွဲနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုတို့သည် အနာဂတ်ကာလများတိုင်အောင် အစွန့်ရှည်ကြာစွာ မဲခေါင်မြစ်ရေ အလျဉ်သဖွယ် တသွင်သွင် စီးဆင်းနိုင်ပါစေကြောင်း။ ။

❖ *ကျောဖုံးမှ*

နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက်အပြည့်အစုံမှာ –

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ် နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက် အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိနေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ရွှေတိဂုံစေတီတော် ဖူးမြော်



ရန်ကုန် ဇူလိုင် ၃

အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဧည့်သည်တော်နှင့်အဖွဲ့သည် တောင်ဘက်ဧည့်ခံတန်ဆောင်း၌ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး စေတီတော်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ထို့နောက် ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်ဓာတ်ပုံနှင့် သမိုင်းမှတ်တမ်းစာအုပ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ဆက်လက်၍ ဧည့်သည်တော်နှင့်အဖွဲ့သည် ရင်ပြင်တော်တစ်ပတ် လှည့်လည်ကြည့်ရှုလေ့လာပြီး**(အပေါ်ပုံ)** အလှူရှင် ဧည့်ခန်းမဆောင်၌ စေတီတော်မြတ်ကြီးအတွက် အလှူတော် ငွေများ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်သည် (၇) ကြိမ်မြောက် လန်ချန်း–မဲခေါင် ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ရန် ရန်ကုန်မြို့မှ ပုဂံမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားကောင်းနေ

နေပြည်တော် ဇူလိုင် ၃

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**မိုး/ဇလ**

❑ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အနန္တသုခ (၅) ထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် ဗန်းမော်ဆရာတော်ဘုရားကြီးနှင့် ဓမ္မစကြာရိပ်သာ ဆရာတော်တို့ ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ကျောင်းတော်ကြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

## ငါးပါးသီလခံယူဆောက်တည်

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး တက်ရောက်လာကြသူများက ဗန်းမော်ဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဗန်းမော်ဆရာတော်ဘုရားကြီးထံသို့ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အနန္တသုခ (၅) ထပ်ကျောင်းဆောင်တော်ကြီးကို ဓမ္မစကြာရိပ်သာ ဆရာတော် ဘဒ္ဒန္တ အာဝုခ ထံသို့ သာဟတိ ဝိထကဒါနမြောက် ဆက်ကပ်လှူဒါန်းရာ ဆရာတော်မှ ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မိသားစုဝင်များ၊ အလှူရှင်များနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျောင်းဒါယကာ အလှူရှင်ဒေါက်တာ သာရင်မြတ်က ဝမ်းမြောက် ကျေးဇူးတင်စကား လျှောက်ထားသည်။

ဆက်လက်ပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရ ကျောက်မဲဆရာတော်ထံမှ အနုမောဒနာ တရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။ ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး ကျောင်းလွှတ်ပူဇော မဟာမင်္ဂလာပွဲအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၊ ဇနီးနှင့် တက်ရောက်လာကြသူများသည် အနန္တသုခ (၅)ထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီးကို လှည့်လည်ကြည့်ရှုကြပြီး ဗန်းမော်ဆရာတော်ဘုရားကြီး အမှူးပြုသည့် ဆရာတော်အရှင်သူမြတ်များကို နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

အဆိုပါ ဓမ္မစကြာရိပ်သာ ကျောင်းတိုက်ကြီးကို ၁၉၅၄ ခုနှစ်တွင် ဘဒ္ဒန္တ ဝိဇေသိရီ မဟာထေရ်မြတ်က *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်တို့က ဗန်းမော်ဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနန္တသုခ (၅) ထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ကျောင်းဒါယကာ အလှူရှင် ဒေါက်တာ သာရင်မြတ် တို့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၃ မှ*

စတင်တည်ထောင်တော်မူခဲ့ကြောင်း၊ ထို့နောက် ကျောင်းတိုက်ကြီးကို လက်ဆင့်ကမ်း၍ အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး ယခုကျောင်းလွှတ်ပူဇာသဘင်ပြုလုပ်သည့် အနန္တသုခ (၅) ထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီးကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြုသည့် ကျောင်းဒါယကာ၊ ဒါယိကာမများက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၂ ရက်တွင် ပန္နက်တော်တင်မင်္ဂလာအခမ်းအနား ပြုလုပ်၍ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ အလျား ၁၀၈ ပေ၊ အနံ ၄၅ ပေရှိ (၅) ထပ်ကျောင်းတော်ကြီးမှာ ဘဒ္ဒန္တ အာဝုဓ၊ ပဓာန နာယက ဓမ္မစကြာရိပ်သာဆရာတော်အား အမှူးထား၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသော တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ကျောင်းဒါယကာ ဒေါက်တာ သာရင်မြတ်၊ ဇနီး သီဟသုဓမ္မသိင်္ဂီ လူမှုထူးချွန် ကျောင်းဒါယိကာမ ဒေါ်နွယ်နွယ်အေးနှင့် မိသားစုဝင်များက မတည်လှူဒါန်းပြီး Four River Myanmar Co.,ltd အမေရိကန် ကုမ္ပဏီမိသားစုနှင့် စေတနာရှင် အလှူရှင်များ စုပေါင်း၍ ငွေကျပ် သိန်းပေါင်း တစ်သောင်းကျော် ကုန်ကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဗန်းမော်ဆရာတော်ဘုရားကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ် (၂၃) နေပြည်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ ဇနီးများ၊ အမျိုးသမီးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ထူးချွန်ဆုရရှိသူ အမျိုးသမီးများ၊ ဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ (၅) တွင် သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေး မြှင့်တင်ဖော်ဆောင်မှုနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းမှတ်တိုင်များကို ဖော်ညွှန်းသည့် Video Clip ကို ပြသရာ တက်ရောက်လာသူများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးများအား ဆုချီးမြှင့်ရာ ထူးချွန်အမျိုးသမီး တပ်မတော် (ကြည်း) အရာရှိ နှစ်ဦး၊ ထူးချွန်အမျိုးသမီးရဲမေ တစ်ဦး၊ ထူးချွန်အမျိုးသမီး ကြက်ခြေနီ တစ်ဦး၊ ထူးချွန်အမျိုးအမီး မသန်စွမ်း တစ်ဦး၊ (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ရရှိခဲ့သည့် ထူးချွန်အမျိုးသမီး အားကစားသမား ခုနစ်ဦး၊ ၂၀၂၁-၂၀၂၀ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ (သိပ္ပံ၊ ဝိဇ္ဇာ၊ ဝိပ္ပံ) ဘာသာတွဲများ၌ အမှတ်အများဆုံး ရရှိခဲ့သည့် ကျောင်းသူ သုံးဦး၊ ရိုးရာပွဲတက်ဝတ်စုံချုပ်ပြိုင်ပွဲတွင်ဆုရရှိသူ လူမှုဝန်ထမ်းဦးစီးဌာန၊ ပုသိမ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ အမျိုးသမီးဝန်ထမ်း သုံးဦးတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးတို့က ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်ကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး (ဝဲပုံ) အခမ်းအနားကို ရုတ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်နည်းပညာတက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမ ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားကျင်းပ

ပြည် ဇူလိုင် ၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပြည်နည်းပညာတက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံနှင့် အလုပ်ရုံများ ဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ပရိဝုဏ်အတွင်း ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်း၊ ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာအောင်ကျော်မြတ်၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နေမျိုးထွန်း၊ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် ပြည်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ မြနန္ဒာလွင်တို့က သတ်မှတ်နေရာများအသီးသီး၌ ပန္နက်တင်ခဲ့ကြသည်။

အဆိုပါ တည်ဆောက်မည့် ပြည်နည်းပညာ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမမှာ အလျား ၂၃၉ ပေ၊ အနံ ၂၀၁ ပေနှင့် အမြင့်ပေ ၅၀ ရှိ (RC) နှစ်ထပ်အမျိုးအစားဖြစ်ကြောင်းနှင့် အလျား ၁၂၅ ပေ၊ အနံ ၈၂ ပေနှင့် အမြင့် ၂၃ ပေရှိ အလုပ်ရုံ နှစ်ရုံ ဆောက်လုပ်မည်ဖြစ်ကြောင်း ယင်းနည်းပညာတက္ကသိုလ် တာဝန်ရှိသူထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၂၂ ခုနှစ် ၊ ဇူလိုင်လ (၃) ရက်နေ့တွင်ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြောကြားသည့် မိန့်ခွန်း




၂၀၂၂ ခုနှစ် ၊ ဇူလိုင်လ (၃) ရက်နေ့တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မိန့်ခွန်းပြောကြားစဉ်။

အားလုံးမင်္ဂလာပါ

ဒီနေ့ကျင်းပတဲ့ ၂၀၂၂ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၃)ရက်နေ့ဟာ မြန်မာနိုင်ငံဒေသ အသီးသီးမှာ နေထိုင်ကြတဲ့ မြန်မာအမျိုးသမီးများအားလုံးအတွက် ထူးခြားလေးနက်တဲ့ မြန်မာအမျိုးသမီးများနေ့ ဖြစ်ပါတယ်။ ဒီလို နေ့ထူးနေ့မြတ်ဖြစ်တဲ့ မြန်မာအမျိုးသမီးများနေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား ကျွန်တော့်အနေနဲ့ရော မြန်မာအမျိုးသမီးများ အားလုံးကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

အမျိုးသမီးများနေ့နဲ့ ပတ်သက်လို့ ၂၀၂၂ ခုနှစ်၊ မတ်လ (၈) ရက်နေ့မှာ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကို **“စဉ်ဆက်မပြတ်တိုးတက်ဖို့၊ ကျား၊ မ တန်းတူညီမျှစို့” (Gender equality today for a sustainable tomorrow)** ဆောင်ပုဒ်နဲ့အညီ အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံမှာလည်း ကျင်းပခဲ့ပါတယ်။

ဒါကတော့ အမျိုးသမီးတွေရဲ့အခွင့်အရေးနဲ့ စွမ်းဆောင်နိုင်မှုတွေကို ဂရုပြုအာရုံစိုက်မိလာစေဖို့နဲ့ အမျိုးသမီးတွေရဲ့ အခွင့်အရေးတွေကို အလေးထားအကောင်အထည်ဖော်နိုင်ကြစေဖို့ ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွေကို ကမ္ဘာနဲ့အဝန်း ကျင်းပခဲ့ကြတာ ဖြစ်ပါတယ်။

အားလုံးသိကြတဲ့အတိုင်း မြန်မာအမျိုးသမီးများနေ့ ပေါ်ပေါက်လာတာက ၁၉၉၅ ခုနှစ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်းမြို့မှာ ကျင်းပခဲ့တဲ့ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံကနေ စတင်ခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။

အဲဒီညီလာခံက ချမှတ်ခဲ့တဲ့ ဘေဂျင်းကြေညာစာတမ်းအရ နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသမီးများအားလုံး အမျိုးသားများနဲ့တန်းတူ ကဏ္ဍစုံ လုပ်ငန်းနယ်ပယ်အသီးသီးမှာ တန်းတူညီမျှ ပါဝင်ခွင့်ရရှိစေဖို့နဲ့ အမျိုးသမီးများရဲ့ စွမ်းဆောင်ရည် မြင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျား မ တန်းတူညီမျှရေး၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံနဲ့ အကြမ်းဖက်မှုများကနေ တားဆီးကာကွယ်ရေးလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ နိုင်ငံအဆင့် ဦးစီးဦးဆောင် လှုပ်ရှားဖော်ဆောင်နိုင်မယ့် အဖွဲ့အစည်းတစ်ခုအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီလို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဖွဲ့စည်းခဲ့တဲ့ ဇူလိုင်လ (၃) ရက်နေ့ကို နိုင်ငံတော်က မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်ကို ပြန်ကြည့်ရင် ကိုလိုနီခေတ်လွတ်လပ်ရေးကြိုးပမ်းမှုကာလများမှာ အမျိုးသားများနှင့် ရင်ပေါင်တန်း တိုက်ပွဲဝင်ခဲ့ကြတဲ့ အမျိုးသမီးသူရဲကောင်းများစွာ ရှိခဲ့ကြသလို ခေတ်အဆက်ဆက်မှာလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များနဲ့ အသိပညာအတတ်ပညာ အနုပညာဆိုင်ရာ နယ်ပယ်များမှာ ထူးချွန်ထက်မြက်တဲ့ မြန်မာအမျိုးသမီးများ ပေါ်ထွက်ခဲ့ပါတယ်။

နယ်ပယ်စုံ၊ ကဏ္ဍစုံတွေမှာ အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မားလာနေတာကို တွေ့မြင်နေရပြီး မျက်မှောက်ကာလမှာလည်း မြန်မာအမျိုးသမီးများဟာ အမျိုးသားများနဲ့ ရင်ပေါင်တန်းကာ နယ်ပယ်အသီးသီးမှာ ပါဝင်လျက်ရှိကြပါတယ်။ ခေတ်အဆက်ဆက်မှာ ထူးချွန်ထက်မြက်တဲ့ မြန်မာအမျိုးသမီးများဟာ နိုင်ငံနဲ့လူမျိုးအတွက် ကြိုးပမ်းကြတဲ့ နေရာမှာ လွတ်လပ်ရေး၊ နိုင်ငံတော်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့မှာ ပါဝင်တာဝန်ထမ်းဆောင်ခဲ့ကြတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသမီးတွေဟာ အိမ်ထောင်စုတစ်ခုရဲ့ ပဲ့ကိုင်ရှင်တွေဖြစ်သလို နိုင်ငံတော်ရဲ့ အင်အားစုတစ်ရပ်လည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေထက်ဝက်ကျော်ဟာ အမျိုးသမီးများဖြစ်တဲ့အတွက် အဲဒီလိုပိုမိုမြင့်တက်တဲ့ အမျိုးသမီးထုရဲ့အင်အားကို နိုင်ငံတော်ကိုအကျိုးပြုနိုင်မယ့် လူ့စွမ်းအား အရင်းအမြစ်များအဖြစ် မြှင့်တင်ပေးခြင်းအားဖြင့် နိုင်ငံတော်အတွက် အားကိုးအားထား ပြုနိုင်ပြီး ကြီးမားတဲ့အင်အားကို ရရှိမှာဖြစ်ပါတယ်။

ဒါကြောင့် မြန်မာအမျိုးသမီးများရဲ့ အရေးပါတဲ့အခန်းကဏ္ဍကို ထင်ဟပ်ပေါ်လွင်စေဖို့ မြန်မာအမျိုးသမီးများရဲ့ စွမ်းဆောင်နိုင်မှုကို အသိအမှတ်ပြု အလေးထားဂုဏ်ပြုတဲ့အနေနဲ့ အခုလို **“မြန်မာအမျိုးသမီးများနေ့”** ကို နိုင်ငံတော်အဆင့် ဂုဏ်ပြုအခမ်းအနား နှစ်စဉ် ကျင်းပပေးနေတာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျား၊ မ တန်းတူညီမျှရေးနဲ့ အမျိုးသမီးအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့အတွက် ၁၉၇၉ ခုနှစ်မှာ ကုလသမဂ္ဂက အတည်ပြု ပြဋ္ဌာန်းခဲ့တဲ့ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (Convention on the Elimination of All forms of Discrimination Against Women–CEDAW) နဲ့ ၂၀၁၅ ခုနှစ်မှာ ကုလသမဂ္ဂက ချမှတ်ခဲ့တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals–SDGs) စတဲ့ နိုင်ငံတကာလုပ်ငန်း အစီအစဉ်များကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော်ပေးလျက် ရှိပါတယ်။

ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအဖြစ် အာဆီယံအမျိုးသမီးကော်မတီ (ASEAN Committee on Women–ACW) နဲ့ အာဆီယံ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင် (ASEAN Commission on the Promotion and Protection of the Rights of Women and Children–ACWC) အာဆီယံငြိမ်းချမ်းရေး မှတ်ပုံတင် အမျိုးသမီးကိုယ်စားလှယ် (ASEAN Women for Peace Registry – AWPR) စတာတွေမှာလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက် ရှိပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံအနေနဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနဲ့ ပတ်သက်ပြီး လုံးဝလက်မခံတဲ့ မူဝါဒကို လက်ကိုင်ထား ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိတဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များနဲ့ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပြယုဂ်တစ်ခုအနေနဲ့ ပဋိပက္ခကာလအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက် (Joint Communique on Prevention and Response to Conflict Related Sexual Violence) ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှာ ပါဝင်လက်မှတ်ရေးထိုးထားပါတယ်။

ပူးတွဲကြေညာချက်အရ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၂၁–၂၀၂၂) ကို ရေးဆွဲထားရှိပြီး ၁၀–၁၁–၂၀၂၁ ရက်နေ့က စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖြစ်ပေါ်တိုးတက်မှုဆိုင်ရာ အချက်အလက်များကို ပဋိပက္ခအတွင်း လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ တားဆီးကာကွယ်ရေး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်ရုံးသို့ ပေးပို့နိုင်ရေး ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ ဒါ့အပြင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွေကို လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု စံလုပ်ငန်းလမ်းညွှန် (SOP) နဲ့အညီ ဆက်စပ်ဝန်ကြီးဌာနများနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးနေသလို ဥပဒေကြောင်းအရ အကာအကွယ်ပေးနိုင်ဖို့၊ အကြမ်းဖက်မှုကျူးလွန်သူတွေကို ထိရောက်တဲ့ ပြစ်ဒဏ်ပေးနိုင်ဖို့အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း) ကို ရေးဆွဲထားရှိပြီး ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေတာဖြစ်တဲ့အတွက် အမျိုးသမီးများအရေးကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ချမှတ်ထားတဲ့ မူဝါဒ (၄) ရပ်၊ လုပ်ငန်းတာဝန် (၇)ရပ်နဲ့အညီ ဒေသဆိုင်ရာကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းထားရှိပြီး အမျိုးသမီးများအား နည်းမျိုးစုံနဲ့ ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း CEDAW ပါ ကတိကဝတ်များနဲ့ အကြံပြုသုံးသပ်ချက်များ၊ ဘေဂျင်းလုပ်ငန်းစီမံချက်ပါ ဦးစားပေးနယ်ပယ် (၁၂) ရပ်နဲ့အညီ ရေးဆွဲထားတဲ့ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ

*စာမျက်နှာ ၆ သို့*

**“နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍများတွင် အမျိုးသမီးများပါဝင်မှုဟာ ပိုမိုများပြားလာတာ တွေ့ရပါတယ်။ မြန်မာ့တပ်မတော်မှာ ကြည်း၊ ရေ၊ လေ အမျိုးသမီးဗိုလ်လောင်းများ မွေးထုတ်ထားပြီး အမျိုးသားများနဲ့တန်းတူရင်ပေါင်တန်း တာဝန်ထမ်းဆောင်နေကြပြီ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီနှစ်မှာ တပ်မတော်ဆေးတက္ကသိုလ်အတွက် အမျိုးသမီးဗိုလ်လောင်းများကိုလည်း ခေါ်ယူလေ့ကျင့်သင်ကြားပေးရန် စီစဉ်လျက်ရှိပါတယ်။ အလားတူ နိုင်ငံတော်လုံခြုံရေးအတွက်လည်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များကလည်း အမျိုးသားများနှင့် တန်းတူရင်ပေါင်တန်း ဆောင်ရွက်လျက်ရှိ”**

*စာမျက်နှာ ၅ မှ*
အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) တို့ကို အကောင်အထည်ဖော်ရာမှာ ကော်မတီအနေနဲ့ အဓိကအခန်းကဏ္ဍက နေ ပါဝင်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အဲဒီ မဟာဗျူဟာစီမံကိန်း အနေနဲ့ အခု ၂၀၂၂ ခုနှစ်မှာ စီမံကိန်းကာလ ပြီးဆုံးတော့မှာဖြစ်တဲ့ အတွက် စီမံကိန်းအလွန်မှာ စီမံကိန်းရဲ့ အားသာချက်၊ အားနည်းချက် များအပေါ် လေ့လာသုံးသပ်ထားပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း(Phase II) ကို ဆက်လက်ရေးဆွဲနိုင်ရေး ဆက်စပ်ဝန်ကြီးဌာနများနဲ့ အဖွဲ့အစည်း များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း မှာကြား လိုပါတယ်။

ဒါ့အပြင် ကုလသမဂ္ဂက ချမှတ်ခဲ့တဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်များနဲ့ ဆက်စပ်နေတဲ့လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ အတွက် ၂၀၃၀ ပြည့်နှစ်အထိ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် ရေးဆွဲထားတဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက် ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP)၊ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက် မှုသက်သာရေးစီမံချက် (COVID-19 Economic Relief Plan– CERP) တို့ကို ရေးဆွဲအကောင်အထည်ဖော်မှုတွေဟာ အမျိုးသမီးများဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အပံ့ပြုနေပြီး ကျား၊ မ တန်းတူညီမျှမှု ရရှိရေးနဲ့ အမျိုးသမီးများနဲ့ ငယ်ရွယ်သူအမျိုးသမီးများအားလုံး စွမ်းပကားတိုးမြှင့်စေရေးဆိုတဲ့ ရှုထောင့်တွေကို ချန်လှပ်ထားမှုမရှိဘဲ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားလိုပါတယ်။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍများတွင် အမျိုးသမီး များ ပါဝင်မှုဟာ ပိုမိုများပြားလာတာ တွေ့ရပါတယ်။ မြန်မာ့ တပ်မတော်မှာ ကြည်း၊ ရေ၊ လေ အမျိုးသမီး ဗိုလ်လောင်းများ မွေးထုတ်ထားပြီး အမျိုးသားများနဲ့တန်းတူရင်ပေါင်တန်း တာဝန် ထမ်းဆောင်နေကြပြီ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီနှစ်မှာ တပ်မတော် ဆေးတက္ကသိုလ်အတွက် အမျိုးသမီးဗိုလ်လောင်းများကိုလည်း ခေါ်ယူ လေ့ကျင့်သင်ကြားပေးရန် စီစဉ်လျက်ရှိပါတယ်။ အလားတူ နိုင်ငံတော်လုံခြုံရေးအတွက်လည်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များကလည်း အမျိုးသားများနှင့် တန်းတူရင်ပေါင်တန်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် မြန်မာအမျိုးသမီးများနေ့ရောက်တိုင်း ကာကွယ်ရေး ဝန်ကြီးဌာနနဲ့ ပြည်ထဲရေးဝန်ကြီးဌာနတို့က ထူးချွန်အမျိုးသမီးများကို နှစ်စဉ်ဆုချီးမြှင့်ပေးတဲ့ အစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိတာ တွေ့ရပါတယ်။

နိုင်ငံတော်အဆင့် ဦးစားပေးကဏ္ဍများဖြစ်တဲ့ ငြိမ်းချမ်းရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ် များအပေါ် အကြမ်းဖက်မှု လျော့နည်းပပျောက်ရေးနှင့် သဘာဝဘေး အန္တရာယ်ကို ခံနိုင်ရည်စွမ်းအားမြင့်မားစေရေးတို့အတွက် အရှိန် အဟုန်နဲ့ ဆောင်ရွက်သွားနိုင်ဖို့အတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုရေး အဖွဲ့အစည်းတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ် ကြောင်း အသိပေး မှာကြားလိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ၂၀၁၄ ခုနှစ်မှာ အမျိုးသားအဆင့် လူမှု ကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ကို အတည်ပြု ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီ မဟာဗျူဟာစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ဘဝသက်တမ်းအဆင့်ဆင့်ချဉ်းကပ်ပုံ (Life Cycle Approach)မှာ ကိုယ်ဝန်ဆောင်ခြင်း၊ မီးမဖွားမီ စောင့်ရှောက်ခြင်း၊ ကလေးမီးဖွားခြင်းနဲ့ မီးဖွားပြီးစောင့်ရှောက်ခြင်းတို့ကို အရေးကြီးတဲ့ အစိတ်အပိုင်းအဖြစ် ထည့်သွင်းထားတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီအစီအစဉ်အရ ကိုယ်ဝန်ဆောင်မိခင်များနဲ့ ၎င်းတို့က မွေးဖွား လာတဲ့ ကလေးတွေ အသက်(၂)နှစ်အထိ အာဟာရပိုင်းဆိုင်ရာဖွံ့ဖြိုး စေရန် ငွေကြေးထောက်ပံ့မှုတွေကို နိုင်ငံရဲ့ဒေသတချို့မှာ ပံ့ပိုးပေး လျက်ရှိပါတယ်။ အဲဒီအစီအစဉ်ဟာ ကိုယ်ဝန်ဆောင်အမျိုးသမီးများကို အပိုဆောင်း အာဟာရအဖြစ် ထောက်ပံ့တာဖြစ်သလို အနာဂတ် မျိုးဆက်သစ် ကလေးတွေအတွက်လည်း ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးဖို့ ရင်းနှီးမြှုပ်နှံတာပဲ ဖြစ်ပါတယ်။ ဒီအပြင် လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရတဲ့ အမျိုးသမီးများအား လိုအပ်ချက်ပေါ်မူတည်ပြီး ထောက်ပံ့ပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါတယ်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အနှစ်ချုပ် အစီရင်ခံစာအရ မြန်မာနိုင်ငံမှာ သမားရိုးကျ အိမ်ထောင်စုလူဦးရေ ၅၁.၁ သန်းမှာ အမျိုးသား ၄၆.၈ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၃.၂ ရာခိုင်နှုန်း ပါဝင်တာ တွေ့ရှိရပါတယ်။

အစီရင်ခံစာပါအချက်အလက်တွေအရ အမျိုးသမီးများရဲ့ ပညာ ရေးဆိုင်ရာဆန်းစစ်ကြည့်မယ်ဆိုရင် ကျောင်းတက်ရောက်မှုနှင့် ပတ်သက်လို့ မြို့ပြနှင့်ကျေးလက်ကြား ကွာဟမှုများပြားနေတာ ကိုလည်း တွေ့ရပါတယ်။ မြို့ပြမှာ အသက် ၅ နှစ်အထက် လူဦးရေ ၁၀၀မှာ ၅ ဦးသာ ကျောင်းမတက်သော်လည်း ကျေးလက်တွင် ၉ ဦး ကျောင်းမတက်သည်ကို တွေ့ရပါတယ်။ ကျား၊ မ အချိုးနဲ့ကြည့်ရင် မိန်းကလေးငယ်များအတွက် လူဦးရေ ၁၀၀ မှာ မြို့ပြဒေသမှာ ၆ ဦး ခန့်ရှိပြီး ကျေးလက်ဒေသမှာ ၁၁ ဦးထိရှိကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် အသက် ၁၅ နှစ်နှင့်အထက် အမျိုးသမီးစာတတ်မြောက်မှု နှုန်းမှာ ၈၆.၃ ရာခိုင်နှုန်းရှိပြီး အမျိုးသားစာတတ်မြောက်မှုနှုန်းမှာ ၉၂.၄ ရာခိုင်နှုန်းထိရှိကြောင်း တွေ့ရှိရပါတယ်။

အဲဒီအတွက်ကြောင့် အမျိုးသမီးများကို ခေတ်မီပညာရေး သင်ကြားရာမှာ အားပေးဖို့လိုသလို တစ်ဖက်ကလည်း အိမ်တွင်းမှု လုပ်ငန်းများအပါအဝင် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို လည်း တိုးမြှင့်သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်း တိုးတက် အောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။

ဒါနဲ့ တစ်ဆက်တည်းမှာပဲ မိခင်များဖြစ်ကြတဲ့ အမျိုးသမီးများ အနေနဲ့ မိမိတို့ရဲ့ သားသမီးများ၊ လူငယ်လူရွယ်များကို လိမ္မာရေးခြား ရှိစေဖို့နဲ့ လူတော်လူကောင်း၊ အဖိုးတန်လူငယ်များဖြစ်အောင် ပြုစု ပျိုးထောင်ပေးကြဖို့ လိုအပ်ပါတယ်။ ဒီနေ့ဒီအချိန်မှာ နိုင်ငံရဲ့အနာဂတ် မှာ အားကိုးနိုင်မယ့် ဗလငါးတန်ပြည့်ဝတဲ့ လူငယ်များဖြစ်လာအောင် လေ့ကျင့်ပြုစုပေးရေးဟာ မိဘများနဲ့ ကျောင်းဆရာ/ဆရာမများရဲ့ တာဝန်ဝတ္တရားတစ်ရပ်အဖြစ် အလေးထားဆောင်ရွက်နိုင်ကြဖို့ကို လည်း အခါအခွင့်သင့်တုန်း မှာကြားလိုပါတယ်။

သားသမီးဝတ္တရားကျေတဲ့ သားသမီးများဖြစ်လာရေး၊ တပည့်ဝတ် ကျေပွန်တဲ့ ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာရေးကို မိဘများက မိဘဝတ္တရားများနဲ့အညီ ဆရာ၊ ဆရာမများက ဆရာ့ဝတ္တရားများနဲ့အညီ သွန်သင်ဆုံးမပြုပြင်ပေးကြဖို့ အလေးအနက်ထား တိုက်တွန်းမှာကြား လိုပါတယ်။

ကိုဗစ်-၁၉ ကြောင့် စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများကို လျှော့ချနိုင်ဖို့အတွက် ကျေးလက်နေအမျိုးသမီးများရဲ့ ဝင်ငွေရ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ အရှိန်မပျက်ပုံမှန်ရရှိစေရေး၊ ကိုဗစ်ကြောင့် ရပ်ဆိုင်းသွားရတဲ့ အငယ်စားစီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ဖို့နဲ့ ဝင်ငွေမရှိသေးတဲ့ အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးဆောင်ရွက်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ ပူးပေါင်းပါဝင်တဲ့ ရှေ့ပြေး လုပ်ငန်းစီမံချက်ကို ရေးဆွဲပြီး အကောင်အထည်ဖော်ရေး ဆောင်ရွက် ကြဖို့ကိုလည်း အလေးထား ဆောင်ရွက်သွားကြဖို့ မှာကြားလိုပါတယ်။

အခုအခါ စီးပွားရေး ပြန်လည်ထူထောင်နိုင်ဖို့ ကြိုးပမ်းနေကြ ရာမှာ ထိခိုက်ခံရဆုံးဖြစ်တဲ့ အမျိုးသမီးများအတွက် အမျိုးသမီးများရဲ့ အထူးလိုအပ်ချက်များနဲ့ အခန်းကဏ္ဍများကို ထည့်သွင်းစဉ်းစားပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများက စီမံကိန်းများ၊ စီမံချက် များ၊ လုပ်ငန်းအစီအစဉ်များမှာ ထည့်သွင်းရေးဆွဲဖို့နဲ့ အကောင်အထည် ဖော်ရာတွင်လည်း အမျိုးသမီးများရဲ့စွမ်းရည်ကို ထိထိရောက်ရောက် အသုံးချပေးဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

၂၀၂၂ ခုနှစ်၊ မတ်လ (၈)ရက်နေ့မှာ ကျင်းပခဲ့တဲ့ အပြည်ပြည် ဆိုင်ရာ အမျိုးသမီးများနေ့ရဲ့ **“စဉ်ဆက်မပြတ်တိုးတက်ဖို့၊ ကျား၊ မ တန်းတူညီမျှစို့”** ဆိုတဲ့ ဆောင်ပုဒ်ကလည်း (၂၁)ရာစု စိန်ခေါ်မှုတွေ ဖြစ်တဲ့ ရာသီဥတုဆိုင်ရာအကျပ်အတည်းတွေ၊ ဘေးအန္တရာယ်ဖြစ်ပွား မှုတွေကို လျှော့ချနိုင်ဖို့အတွက် ကျား၊ မ တန်းတူညီမျှမှုကို ပိုမို ထည့်သွင်းစဉ်းစားဖို့ လိုအပ်ကြောင်း မီးမောင်းထိုးပြထားတာကို သတိထားကြရမှာ ဖြစ်ပါတယ်။

စဉ်ဆက်မပြတ် တိုးတက်ပြီး ကျား၊ မ တန်းတူညီမျှတဲ့ အနာဂတ် ကို ဖော်ဆောင်ရာမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်များဟာ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ရှိနေပါတယ်။ ဒါ့ကြောင့် ကျား၊ မ ရေးရာ တန်းတူညီမျှမှုနဲ့ ကျေးလက်မြို့ပြ ကွာဟချက်နည်းပြီး ညီတူညီမျှ ဖွံ့ဖြိုးတိုးတက်ကာ အမျိုးသမီးများ စွမ်းဆောင်ရည် မြင့်မားလာနိုင်စေမယ့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ၊ လူမှုရေးရာ ဝန်ဆောင်မှုများနဲ့ လုပ်ထုံးလုပ်နည်းယန္တရားတွေကို ဖော်ထုတ်ကာ ကြိုးပမ်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြား လိုပါတယ်။

လက်ရှိကာလမှာ နိုင်ငံတော်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးနဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ဖြစ်ပေါ်ရေး အကောင်အထည်ဖော် ဆောင် ရွက်လျက်ရှိရာမှာ မြန်မာအမျိုးသမီးများ ဘက်စုံဖွံ့ဖြိုးတိုးတက် စေဖို့အတွက် အဓိကဦးစားပေး လုပ်ငန်းနယ်ပယ်များဖြစ်တဲ့ စီးပွား ရေး၊ အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ ရေးရာတွင် ပါဝင်မှု၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ အမျိုးသမီးများနဲ့ အမျိုး သမီးငယ်များအပေါ်မှာ အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးစတဲ့ လုပ်ငန်းနယ်ပယ်များကို ထိထိရောက်ရောက် အကောင်အထည် ဖော် ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျား၊ မ တန်းတူညီမျှမှုရှိဖို့နဲ့ မြန်မာအမျိုးသမီး များရဲ့ အခွင့်အရေးတွေကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ဖို့ အတွက် နိုင်ငံတော်အနေနဲ့ ဘက်ပေါင်းစုံက တတ်နိုင်သရွေ့ ကြိုးပမ်း ဆောင်ရွက်လျက်ရှိသလို အမျိုးသမီးထုကြီးနဲ့ အဖွဲ့အစည်းများက လည်း သက်ဆိုင်ရာ ကဏ္ဍအသီးသီးကနေ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းပြောကြားရင်းနဲ့ ယနေ့မြန်မာ အမျိုးသမီးများနေ့မှာ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးသာမက မြန်မာနိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း၊ ရောဂါဘယဘေး အပေါင်းကလည်း ကင်းဝေးကြပါ စေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**အားလုံးကိုကျေးဇူးတင်ပါတယ်။**

# ပဲခူးမြို့၌ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

**ပဲခူး ဇူလိုင် ၃**

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအဆင့် မြန်မာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှုအဖြစ် ရိုးရာပွဲတက် ဝတ်စုံချုပ်ပြိုင်ပွဲတွင် နှစ်သိမ့်ဆု ရရှိခဲ့သော တောင်ငူမြို့ အိမ်တွင်းမှု သက်မွေး ပညာသင်တန်းကျောင်း မှ ဒေါ်မျိုးသီတာစိုး(နည်းပြ)နှင့် ဒေါ်စိုးနန္ဒာကျော် (နည်းပြ) တို့ အား တိုင်းဒေသကြီး ဝန်ကြီး ချုပ်နှင့် တိုင်းဒေသကြီး တရား လွှတ်တော် တရားသူကြီးချုပ်တို့ က ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်း လွှာနှင့် ငွေသားဆုများအား ချီးမြှင့်ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသ ကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ဖြစ်ရပ်မှန် သက်ငယ်မုဒိမ်း အသိ ပညာပေးပြဇာတ်နှင့် လူကုန်ကူး ခံရမှု အသိပညာပေးပြဇာတ်တို့ ကို တင်ဆက်ပြသခဲ့ကြရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက ဂုဏ်ပြုဆု ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြန်မာအမျိုး သမီးများနေ့အကြို လှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုပြီး



ပြခန်းအတွင်း ပြသထားသည့် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများနှင့် တောင်ငူမြို့ သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းသူများချုပ် လုပ်ထားသည့် အဝတ်အထည်များကို ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

**သတင်းစဉ်**

○ *ကျောဖုံးမှ*

မြန်မာ – တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရေးနှင့် နှစ်နိုင်ငံနယ်စပ်ဂိတ်များ၌ ကုန်သွယ်မှုချောမွေ့စေရေး ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် စသည့် ကိစ္စရပ်များကို ရင်းနှီးစွာဆွေးနွေးအမြင်ချင်းဖလှယ်ကြသည်။ ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များ အထူးသဖြင့် ကုလသမဂ္ဂနှင့် အာဆီယံတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိုလည်း ဆွေးနွေးကြသည်။

**အာဆီယံတူညီဆန္ဒ (၅) ရပ်**

နှစ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံ၏ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှုမပြုရေး မူဝါဒနှင့် အာဆီယံပဋိညာဉ်၊ အခြေခံမူများကို အခြေခံကာ အာဆီယံတူညီဆန္ဒ (၅) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအပေါ် ဆွေးနွေးကြသည်။

**နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု ရှင်းလင်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နောက်ဆုံးနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်စွာ ဖော်ဆောင်နေမှုတို့ကို တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီနှင့် နိုင်ငံခြားရေးဝန်ကြီးအား ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ တို့ တွေ့ဆုံဆွေးနွေးစဉ်။

**‘အာဆီယံ၏ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှုမပြုရေး မူဝါဒနှင့် အာဆီယံပဋိညာဉ်၊ အခြေခံမူများကို အခြေခံကာ အာဆီယံတူညီဆန္ဒ (၅) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအပေါ် ဆွေးနွေး’**

နှစ်နိုင်ငံဆွေးနွေးပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးများ၏ရှေ့မှောက်၌ လန်ချန်း – မဲခေါင်ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ ၂၀၂၂ ခုနှစ် စီမံကိန်း ရန်ပုံငွေ လွှဲပြောင်းလက်ခံလွှာ၊ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်၊ တရုတ်နိုင်ငံ၏ အထောက်အပံ့ဖြင့် အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး) အဆင့်မြှင့်တင်ရေးစီမံကိန်း သဘောတူညီချက်၊ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ရေးစီမံကိန်း သဘောတူညီချက်၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံမြောက်ပိုင်းဒေသသို့ လှူဒါန်းသည့် ယွမ် ၁၀ ဒသမ ၅ သန်းတန်ဖိုးရှိ အရေးပေါ်ကူးစက်ရောဂါကာကွယ်ရေး အထောက်အပံ့များနှင့် မြန်မာနိုင်ငံသို့လှူဒါန်းသည့် ယွမ်၃၂သန်းတန်ဖိုးရှိအရေးပေါ်ကူးစက်ရောဂါကာကွယ်ရေး အထောက်အပံ့များဆိုင်ရာ လွှဲပြောင်းပေးအပ်/ လက်ခံလွှာ၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ အလွယ်တကူ တပ်ဆင်နိုင်သည့် အိမ်အလုံးရေ ၁၀၀၀ လွှဲပြောင်းပေးအပ်/ လက်ခံလွှာတို့ကို မြန်မာဘက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် တရုတ်ဘက်မှ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးတို့က လွှဲပြောင်းလက်ခံလဲလှယ်ခဲ့ကြသည်။

သတင်းစဉ်




နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ၏ရှေ့မှောက်တွင် မြန်မာဘက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်နှင့် တရုတ်ဘက်မှ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးတို့ သဘောတူညီချက်များ လွှဲပြောင်းလဲလှယ်စဉ်။

# လန်ချန်း - မဲခေါင် ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် မက္ကဒေးမီးယား ပျိုးပင်များနှင့် စက်ပစ္စည်းကိရိယာများ တောင်သူများသို့ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၃**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇူလိုင် ၁ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ နောင်နန်းရော်ဘာခြံတွင် လန်ချန်း – မဲခေါင် ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မက္ကဒေးမီးယား ပျိုးပင်များနှင့် စက်ပစ္စည်းကိရိယာများ တောင်သူများသို့ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ကချင်ပြည်နယ်သည် တောတောင်ရေမြေသဘာဝမြစ်ချောင်းများနှင့် ပြည့်စုံပြီး သာယာလှပသည့် ပြည်နယ်တစ်ခုဖြစ်သည်နှင့်အညီ မြေဆီမြေနှစ်၊ မြေသြဇာများ ပြည့်ဝသည့် စိုက်ပျိုးမြေများရှိသလို တိုးချဲ့စိုက်ပျိုးရန် ကျန်နေသေးသည့် မြေလွတ်မြေရိုင်းများလည်းရှိကြောင်း၊ စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအပြင် သီးနှံအသစ်များဖြစ်သည့် မက္ကဒေးမီးယား၊ ကော်ဖီ၊ လက်ဖက်များကိုလည်း အောင်မြင် စွာ တိုးချဲ့စိုက်ပျိုးနိုင်သည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယခုလို အမယ်သစ်သီးနှံဖြစ်သည့် မက္ကဒေး မီးယားပျိုးပင်နှင့် မက္ကဒေးမီးယား ထုတ်လုပ်မှုဆိုင်ရာ စက်ကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းသည် ဒေသခံတောင်သူများအတွက် များစွာအကျိုးရှိသည့် အခွင့်အလမ်းတစ်ခုဖြစ်ပြီး၊ ရရှိတဲ့တောင်သူ များနေဖြင့် အကျိုးရှိရှိအသုံးချကာ ပြည်နယ်၏ အားထားရသည့် သီးနှံတစ်ခုဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မက္ကဒေးမီးယားပျိုးပင်များကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန်နှင့် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့် အကြံဉာဏ်များအား စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ကြရန်၊ စိုက်ပျိုး ရေး ဦးစီးဌာနအနေဖြင့် ခရိုင်၊ မြို့နယ်အလိုက် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်သွားကြရန် မှာကြားသည်။ ထို့နောက် မက္ကဒေးမီးယားပျိုးပင် ၁၄၈၂၀နှင့် အသီးခူးကေ ၁၇ ကေအတွက် အခွံမာခွဲကိရိယာ နှစ်လုံး၊ အခွံစိမ်းနွှာစက် တစ်လုံးတို့အား တောင်သူများထံ ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသော တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် မြစ်ကြီးနားပိုးစာခြံသို့ ရောက်ရှိပြီး ဒေသအတွင်း ပိုးစာတောင်သူများကို အထွက်ကောင်း ပိုးစာမျိုးသန့်များ ဖြန့်ဖြူးပေးရန်၊ သိပ္ပံနည်းကျ စိုက်ပျိုးထိန်းသိမ်းခြင်း၊ မွေးမြူထုတ်လုပ်ခြင်းနည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ ပိုးစာနှင့် ဆက်စပ်လုပ်ငန်းများမှ ဒေသအတွင်း ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် မှာကြားသည်။

ယင်းနောက် စူပါဝမ်း နို့စားနွား မွေးမြူရေးခြံနှင့် ချမ် နို့စားနွား မွေးမြူရေးခြံတို့ကို ရောက်ရှိပြီး နို့ထွက် နှုန်းကောင်းမွန်သော နို့စားနွား မျိုးကောင်းမျိုးသန့်များ ပိုမိုဖြစ်ထွန်းမွေးမြူနိုင်ရေးအတွက် လိုအပ်သော နည်းပညာနှင့် သွင်းအားစုများဖြစ်သည့် စနစ်တကျ မေထုန်မဲ့ သားစပ်လုပ်ငန်းများ၊ မွေးမြူသူတောင်သူများ အကျိုးအမြတ်ရရှိရေး ဈေးကွက်လိုအပ်ချက်နှင့်အညီ နို့နှင့်နို့ထွက်ပစ္စည်း တိုးမြှင့်ထုတ်လုပ်နိုင်ရေး အဓိကထား လုပ်ဆောင်ကြရန် မှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် ဝါရှောင်ရေလွှဲဆည် သို့ရောက်ရှိပြီး ကချင်ပြည်နယ်အတွင်း ရေအသုံးချသူများအဖွဲ့ (WUG) နှင့် ရေအသုံးချသူများ အသင်း (WUA) များ ဖွဲ့စည်းနိုင်ရေးနှင့် ဖွဲ့စည်းပြီးအသင်းအဖွဲ့များအား ပိုမိုအားကောင်းလာစေရေး ဆက်လက်ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေလုံလောက်စွာပေးဝေ နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ချူအင်လိုင်းတန်ဆောင်းပြန်လည်ပြုပြင်မွမ်းမံ တရားဝင်ဖွင့်လှစ်ခြင်း အခမ်းအနား ကျင်းပ

**ပုဂံ ဇူလိုင် ၃**

ချူအင်လိုင်းတန်ဆောင်း ပြန်လည်ပြုပြင်မွမ်းမံ တရားဝင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီတော် ပရိဝုဏ်အတွင်းရှိ ချူအင်လိုင်းတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင်၊ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် "တို့ခေါ်မယ် ပေါက်ဖော်" ရုပ်သံဗီဒီယိုကို ပြသသည်။

**တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှု**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင်က တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းသည် မြန်မာနိုင်ငံသို့ ကိုးကြိမ်လာရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၁၉၆၁ ခုနှစ် က လာရောက်ခဲ့စဉ် တန်ဆောင်းဆောက်လုပ်လှူဒါန်းခဲ့ရာ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုအတွက် အမှတ်သင်္ကေတတစ်ခု ဖြစ်လာခဲ့ပါကြောင်း၊ ယနေ့ မိမိအနေဖြင့် တန်ဆောင်း အဆင့်မြှင့်တင်ဖွင့်လှစ်သည့် အခမ်းအနားသို့ တက်ရောက်ခြင်းသည် တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုကို အမွေဆက်ခံခြင်းဖြစ်ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက် တရုတ်နိုင်ငံ၏ရှင်းလင်းသည့် ရပ်တည်ချက်ကို ထင်ဟပ်စေပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများမှ နှစ်နိုင်ငံပြည်သူများကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က ယနေ့ မိမိတို့ စုဝေးရောက်ရှိနေကြသည့် ချူအင်လိုင်းတန်ဆောင်းသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှု

*စာမျက်နှာ ၉ သို့*






ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် သဗ္ဗညုဘုရားပြုပြင်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ တို့ ရွှေစည်းခုံစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။




ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ တို့ ချူအင်လိုင်း တန်ဆောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ တို့ သဗ္ဗညုဂူဘုရားအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ တို့ အား သဗ္ဗညုဘုရားပြုပြင်ရေးစီမံကိန်း နည်းပညာပိုင်းဆိုင်ရာ ခေါင်းဆောင် မစ္စတာ လျို့ယွမ်ပင်း က ပြုပြင်ရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

# (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံသို့ ရောက်ရှိ




ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။

**နေပြည်တော် ဇူလိုင် ၃**

မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများဖြစ်ကြသည့် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn ၊ လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Saleumxay Kommasith၊ ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai နှင့် ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Bui Thanh Son တို့သည် (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ၎င်းတို့၏ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပုဂံမြို့ရှိ ညောင်ဦးလေဆိပ်သို့ ရောက်ရှိကြရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်နှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က လေဆိပ်၌ ကြိုဆိုကြသည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညစာစားပွဲတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**သတင်းစဉ်**



ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး H.E. Mr. Prak Sokhonn အား ပုဂံမြို့ ညောင်ဦးလေဆိပ်၌ ကြိုဆိုစဉ်။ (ဝဲပုံ)

ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai အား ပုဂံမြို့ ညောင်ဦးလေဆိပ်၌ ကြိုဆိုစဉ်။ (ယာပုံ)



*စာမျက်နှာ ၈ မှ*

ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ထင်ဟပ်ပြသရာ ရောက်စေပါကြောင်း၊ နှစ်နိုင်ငံ ယဉ်ကျေးမှု ပူးပေါင်း ဆောင်ရွက်မှုများမှ တစ်ဆင့် အနာဂတ်မျိုးဆက်သစ်များဆီသို့ ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို လက်ဆင့်ကမ်းပေးနိုင်ပြီး တရုတ် - မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ထောင်ရေးဆီသို့ တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ချူအင်လိုင်းတန်ဆောင်းအတွင်း လှည့်လည်ကြည့်ရှုကြကာ တန်ဆောင်းကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ရွှေစည်းခုံစေတီတော်မြတ်အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ တို့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ သဗ္ဗညုဂူဘုရားသို့ သွားရောက်ဖူးမြော်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် သဗ္ဗညုဘုရား ပြုပြင်ရေးစီမံကိန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းနည်းပညာပိုင်းဆိုင်ရာ ခေါင်းဆောင် မစ္စတာလျိုယွမ်ပင်း က သဗ္ဗညုဘုရား ပြုပြင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လှေ့လာစစ်တမ်းကောက်ယူ**

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် အင်အား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်ဒဏ်ကြောင့် ပုဂံဒေသရှိ ဘုရားပေါင်း ၄၂၅ ဆူ ထိခိုက်ပျက်စီးခဲ့ရာ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် တရုတ်နိုင်ငံ ယဉ်ကျေးမှုအမွေအနှစ် ပြည်နယ်စီမံခန့်ခွဲရေးပူးပေါင်းအလုပ်အမှုဆောင်အဖွဲ့ကို စေလွှတ်ပြီး မြန်မာနိုင်ငံမှ ပျက်စီးမှုကြီးမားသည့် ဘုရား ၂၁ ဆူကိုလေ့လာစစ်တမ်းကောက်ယူခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် MoU ရေးထိုးခဲ့ကြကာ တရုတ်နိုင်ငံ အထောက်အပံ့ဖြင့် သဗ္ဗညုဘုရား ပြုပြင်ရေးစီမံကိန်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် ဇူလိုင် ၃ ရက်တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း(Mask) ၁၈ ဒသမ ၆၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# အခွင့်ကောင်းကို သိမြင်နိုင်ပါစေ

●●●● မင်းခေါင် ●●●●

**မြန်မာ့နိုင်ငံရေးအပြောင်းအလဲ တစ်စုံတစ်ခုကြုံတိုင်း ကျောင်းသား၊ လူငယ်များနှင့် နိုင်ငံ့ဝန်ထမ်းများသည် ရိုက်ခတ်မှုများနှင့် ဦးစွာကြုံတွေ့ရလေ့ရှိသည်။ မရိုက်ခတ်လျှင်လည်း ရိုက်ခတ်လာအောင် နိုင်ငံရေးသမားဟုဆိုသူများက ဆော်ဩကြသည်။ မခံချင်အောင် သွေးထိုးလှုံ့ဆော်တတ်ကြသည်။**

> **“ပုထုဇဉ်လူသားတိုင်းလိုလို အမှားမကင်းနိုင်ကြပါ။ သို့သော် အမှားကိုမြင်ပြီး မှားမှန်းသိလျှင် ပြင်နိုင်ကြရပေမည်။ လမ်းကြောင်းမှန်ကို လျှောက်လှမ်းဖို့ ဆိုလျှင် အခွင့်ကောင်းကို ရအောင်ယူတတ်ဖို့လိုသည်။ အခွင့်ကောင်းကို ရအောင်ယူပြီး ပိုင်ပိုင်နိုင်နိုင် အသုံးချတတ်စေရန် မြန်မာစကားပုံများတွင် “လသာတုန်း ဗိုင်းငင်”၊ “မိုးရွာတုန်း ရေခံ”၊ “နေပူတုန်း စပါးလှန်း” ဟူ၍ ဖော်ပြထားသည်”**

၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင်လည်း မူလက ဒီမိုကရေစီရရှိရေးအတွက် ရိုးသားစွာ ဆန္ဒထုတ်ဖော်တောင်းဆိုခဲ့ကြသော ကျောင်းသား၊ လူငယ်များနှင့် နိုင်ငံ့ဝန်ထမ်းအချို့သည် တပ်မတော်က နိုင်ငံ့တာဝန်ကို လွှဲပြောင်းရယူလိုက်သည့်အချိန်တွင် ဖမ်းဆီးခံရတော့မည်ဟူသော စိုးရိမ်ပူပန်မှုတို့ဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်။

အချို့ကလည်း “အရေးအခင်းတွင် ပါဝင်သော ကျောင်းသားများနှင့် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များကို ရပ်ကွက်အတွင်း လိုက်လံဖမ်းဆီးနေသည်” ဟူသော ကောလာဟလသတင်းများကြောင့် အထိတ်တလန့်ဖြစ်ကာ ပြည်တွင်း၌ပုန်းအောင်းနေသူများရှိသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံ သွားရောက်ခိုလှုံသူများလည်းရှိခဲ့ကြသည်။

## ဝမ်းပန်းတသာကြိုဆို

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကလည်း ပြည်ပအထောက်အပံ့များအပြင် လူသစ်စုဆောင်းမှု အစီအမံမလုပ်လိုက်ရဘဲ တပ်သားသစ်များအဖြစ် အလိုအလျောက်ရောက်လာကြသည်ဆိုတော့ ဝမ်းပန်းတသာကြိုဆိုခဲ့ကြသည်။ သို့ဖြစ်၍ ထိုစဉ်က ထိုင်း-မြန်မာနယ်စပ်ရှိ ရှမ်း၊ ကရင်နီ၊ ပအိုဝ်း၊ ကေအင်န်ယူနှင့် မွန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံသို့ ကျောင်းသားကျောင်းသူ ၄၂၀၃ ဦး ရောက်ရှိသွားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ရခိုင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံသို့ ၂၀ ခန့်၊ အိန္ဒိယ-မြန်မာနယ်စပ်သို့ ၂၂၂ ဦး ရောက်ရှိသွားခဲ့သည်။ အချို့မှာ ပြည်တွင်းမှာပင် ခိုအောင်းနေခဲ့ကြရာ စုစုပေါင်း ၅၀၀၀ ခန့်ရှိကြောင်း ထိုစဉ်က သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ထို့ကြောင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေက “စစ်မှန်သော ဒီမိုကရေစီအခွင့်အရေးရရှိရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ပြီးနောက် စိုးရိမ်စိတ်ဖြင့် မြို့ပေါ်တွင် ရှောင်တိမ်းပုန်းအောင်းနေသည့် ကျောင်းသား ကျောင်းသူများရှိနေကြောင်းနှင့် အချို့မှာ သောင်းကျန်းသူအဖွဲ့အစည်းများထံ သွားရောက်ခိုလှုံရန် ကြံစည်လျက်ရှိနေကြောင်း သိရပါသည်။ တပ်မတော်အနေဖြင့် ရာဇဝတ်မှုကျူးလွန်ခဲ့သည့် ပုဂ္ဂိုလ်များမှအပ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော သားငယ်သမီးငယ်အရွယ်များဖြစ်သည့် ကျောင်းသား ကျောင်းသူများအပေါ်တွင် မည်သည့်အာဃာတတရားမျှမထားသည့်အပြင် အတိဒုက္ခရောက်စေလိုသောဆန္ဒ လုံးဝမရှိပါကြောင်း ကြေညာအပ်ပါသည်”စသည်ဖြင့် တပ်မတော်၏ သဘောထားကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီးနောက် အောက်တိုဘာလ ၁၇ ရက်နေ့မှစတင်၍ နယ်စပ်ဒေသတွင် တပ်မတော်က ကြိုဆိုရေးစခန်းပေါင်း ၂၇ ခု ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများအား ကြိုဆိုခဲ့ပါသည်။

တပ်မတော်၏သဘောထားကို အချိန်မီသိရှိနိုင်ရန်အတွက်လည်း ကျောင်းသား ကျောင်းသူများရှိနေသည်ဟု သတင်းရရှိသော စခန်းများအနီးတစ်ဝိုက်သို့ တပ်မတော်၏ သဘောထားနှင့် ကြိုဆိုရေးစခန်းများတွင် ကြိုဆိုလက်ခံမည့် အစီအစဉ်ပါရှိသော စာရွက်များကို လေယာဉ်ပျံများဖြင့် ကြဲချပေးခဲ့ပါသည်။

## သွားရောက်ခေါ်ယူရန် စီစဉ်ဆောင်ရွက်

ထို့နောက် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်တွင် ကျောင်းသားများ ယာယီလက်ခံရေးစခန်းဖွင့်လှစ်၍ ထိုစခန်းမှတစ်ဆင့် ကျောင်းသားမိဘများထံ ပြန်လည်အပ်နှံပေးရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ထိုင်းနိုင်ငံတွင် ထိုင်းတပ်မတော်နှင့် ကြက်ခြေနီ တပ်ဖွဲ့တို့က ပူးပေါင်းဖွင့်လှစ်ထားသည့် တပ်ခ်(Tak) ခရိုင်စခန်းသို့ တပ်မတော်အထူးလေယာဉ်ဖြင့် သွားရောက်ခေါ်ယူရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ကျောင်းသားများ ပြန်လည်ခေါ်ယူရေးနှင့် ပတ်သက်၍ အနောက်နိုင်ငံများက နိုင်ငံရေးသဘောအရ မလိုလားကြသဖြင့် လူသားချင်းစာနာမှုအနေဖြင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပါဝင်ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်သည်။

ထို့နောက် ထိုင်းနိုင်ငံနယ်စပ်အသီးသီးသို့ ရောက်ရှိနေကြသူ ၃၆၉ ဦးကို မင်္ဂလာဒုံလက်ခံရေးစခန်းသို့ တပ်မတော်လေယာဉ်ဖြင့် ၁၃ ခေါက်ခေါ်ယူခဲ့မှုအပါအဝင် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလကုန်အထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၃၅ ဦး ပြန်လည်ခေါ်ယူခဲ့သည်။ ၁၉၈၉ ခုနှစ် ဒီဇင်ဘာလကုန်တွင် ကြိုဆိုလက်ခံရေးစခန်းများသို့ ကျောင်းသား ကျောင်းသူ ၃၃၂၀ ပြန်လည် ရောက်ရှိလာခဲ့ကြရာ တပ်မတော်က ကျန်းမာရေး စစ်ဆေးခြင်း၊ ဆေးဝါးကုသပေးခြင်းများ ပြုလုပ်ပေးပြီးနောက် မိဘများထံပို့ဆောင်အပ်နှံပေးခဲ့ကြရသည်။

“သားရယ် အမေဖြင့် ငါ့သားကိုသေပြီလို့ထင်နေတာသားရယ်၊ အခု ပြန်တွေ့ရတော့ အမေ့ရင်ထဲ ဘယ်လိုဖြစ်နေတယ်ဆိုတာ သားကိုပြောမပြတတ်ဘူး သားရယ်”

“သားပြန်လာမယ်ဆိုတာသိရတော့ ဝမ်းသာလိုက်တာ ပြောကိုမပြနိုင်ပါဘူး၊ ကျွန်မတို့က သားပျောက်သွားကတည်းက ဘာသတင်းမှမကြားရတော့ သေပြီလား၊ ဘယ်ရောက်နေသလဲ၊ သူပုန်ပဲဖြစ်သွားသလားဆိုပြီး ဖြစ်နေရတယ်။ နောက်ကျတော့ သတင်းစာတွေထဲမှာ ကျောင်းသားတွေပြန်လာဖို့ အစိုးရကစီစဉ်မှုတွေပြုနေတယ်ဆိုတော့ သားလေးပြန်လာမယ့်အထဲ ပါပါစေ၊ ဘေးမသီရန်မခပါစေနဲ့လို့ ဆုတောင်းနေရတာပေါ့၊ အခုတော့ ကျွန်မသားလေး မသေမပျောက်ပြန်တွေ့ရမယ်ဆိုတော့ ဝမ်းသာတာမှရှင် ပြောကိုမပြောနိုင်ပါဘူး”

“သားက မိတ်ဆွေနဲ့ထားဝယ်ဘက်ကို အလုပ်သွားလုပ်မယ်လို့ ကျွန်မကိုပြောတယ်၊ လက်ရှိကျောင်းလည်းမနေတော့ သားကို ခွင့်ပြုလိုက်မိတယ်။ အဲဒါ အောက်တိုဘာလလောက်ကဖြစ်မယ်၊ အဲဒီ နောက်မှာ ပျောက်ချင်းမလှ ပျောက်သွားတာပါပဲ။ အခု သားရောက်လာမယ်လို့ လူကြီးတစ်ယောက်လာပြောတော့ အံ့ဩသွားတယ်၊ သားကိုလွမ်းလို့ မအိပ်နိုင်၊ မစားနိုင်ဖြစ်နေတာ သားကို ခုတွေ့ရတော့ ကျွန်မ စိတ်မထိန်းနိုင်ဘဲ ငိုမိတော့တာပါပဲရှင်”

“ကျွန်တော်တို့က လက်လုပ်လက်စားလက်သမားပါ။ ကျွန်တော့်သားက အင္ဂမတန်းမှာ ပညာသင်နေတုန်းပျောက်သွားတာ၊ နောက်မှ တောထဲရောက်နေတယ်လို့ သတင်းကြားရတယ်။ ကြားရတဲ့သတင်းတွေကလည်း မကောင်းတော့ သေပြီလို့မှတ်ထားတာ။ အခုတော့ မသေဘူး။ ပြန်တွေ့ရတော့မယ်ဆိုတော့ဗျာ ဝမ်းသာတာပေါ့”

“ကျွန်တော့်ကို ဖေဖေလိုက်ရှာရင်း ကားမှောက်သေသွားတယ်လို့ သိရတယ်။ အခုတော့ ကျွန်တော်နောင်တရနေပါပြီ၊ ဖေဖေ့ကို တသသဖြစ်နေရတော့မှာပါဗျာ”

စသည်ဖြင့် တပ်မတော်၏ ကြိုဆိုလက်ခံရေးစခန်းများမှတစ်ဆင့် အနယ်နယ်အရပ်ရပ်ရှိ မိဘရပ်ထံ ပြန်လည်ရောက်ရှိလာကြသော ကျောင်းသား ကျောင်းသူလူငယ်များအား ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက လေဆိပ်တွင် အိုးစည် ဗုံမောင်းများဖြင့် ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည့် ပုံရိပ်များ၊ မိဘဆွေမျိုးများနှင့် မသေကောင်း မပျောက်ကောင်း ပြန်လည်ဆုံတွေ့ခွင့်ရခဲ့ကြသဖြင့် ဝမ်းနည်းဝမ်းသာ ပုံရိပ်များ၊ အမိရင်ခွင်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြသူများ၏ ရင်တွင်းဖြစ် စကားသံများ၊ မိဘဆွေမျိုးများ၏ ပီတိစကားသံများကို ၁၉၈၈ ခုနှစ် ဒီဇင်ဘာ၊ ၁၉၈၉ ခုနှစ် ဇန်နဝါရီလထုတ် လုပ်သား ပြည်သူ့နေ့စဉ်သတင်းစာတို့တွင် ခေတ်တစ်ခေတ်၏ သမိုင်းပုံရိပ်များကို သမိုင်းသင်ခန်းစာများအဖြစ် တွေ့မြင်နိုင်သည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲတွင်လည်း ကျောင်းသား၊ လူငယ်များနှင့် နိုင်ငံ့ဝန်ထမ်းများကြားတွင် ကြီးစွာသော ရိုက်ခတ်မှုများ၊ လှုပ်ခတ်မှုများ ထပ်မံကြုံတွေ့ခဲ့ကြရပြန်ပါသည်။ အချို့က ဆွဲဆောင်စည်းရုံးမှုကြောင့်၊ အချို့ကား သွေးထိုးလှုံ့ဆော်မှုတို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများနှင့် ပြည်တွင်း ပြည်ပဒေသအချို့သို့ ရောက်ရှိသွားခဲ့ကြပြန်သည်။

## စနစ်တကျလက်ခံပေး

သို့ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှ ကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ပြီး ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

ယခုတစ်ဖန် နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေး စခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။ ကြေညာချက်အပြည့်အစုံကိုလည်း နိုင်ငံပိုင်မီဒီယာများတွင် ဆက်တိုက်ဖော်ပြပေးလျက်ရှိသည်။

ပုထုဇဉ်လူသားတိုင်းလိုလို အမှားမကင်းနိုင်ကြပါ။ သို့သော် အမှားကိုမြင်ပြီး မှားမှန်းသိလျှင် ပြင်နိုင်ကြရပေမည်။ လမ်းကြောင်းမှန်ကို လျှောက်လှမ်းဖို့ဆိုလျှင် အခွင့်ကောင်းကို ရအောင်ယူတတ်ဖို့လိုသည်။ အခွင့်ကောင်းကို ရအောင်ယူပြီး ပိုင်ပိုင်နိုင်နိုင် အသုံးချတတ်စေရန် မြန်မာစကားပုံများတွင် “လသာတုန်း ဗိုင်းငင်”၊ “မိုးရွာတုန်းရေခံ”၊ “နေပူတုန်း စပါးလှန်း”ဟူ၍ ဖော်ပြထားသည်။

> **○ နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များသည် နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အတိတ်က သမိုင်းသင်ခန်းစာများကို ပညာဉာဏ်ဖြင့် ဆင်ခြင်၍ အခွင့်ကောင်းကို လက်မလွှတ်တမ်း အသုံးချနိုင်စေရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်**

*စာမျက်နှာ ၁၁ သို့*

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း ငလိုက်စခန်းသာဆင်စခန်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်

**ဥတ္တရသီရိ ဇူလိုင် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိ မြို့နယ် ငလိုက်စခန်းသာဆင်စခန်းတွင် မြန်မာ့သစ်လုပ်ငန်း နေပြည်တော်သစ်ထုတ်ရေးဒေသမှ ကျင်းပသည့် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က ကျင်းပရာ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်းက မိုးရာသီသစ်ပင် စိုက်ပျိုးခြင်း အထိမ်းအမှတ် ရတနာတန်းဝင် သစ်မျိုးဖြစ်သည့် ပျဉ်းကတိုးသစ်ပင်ကို စိုက်ပျိုးပေးခဲ့သည်။

ထို့နောက် ဥတ္တရခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်း၊ မြန်မာ့သစ်လုပ်ငန်း ဒုတိယ အထွေထွေမန်နေဂျာ ဦးဇော်ဝင်းနိုင်၊ နေပြည်တော် သစ်ထုတ်ရေးဒေသ မန်နေဂျာ ဦးကျော်စွာဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော် သစ်ထုတ်ရေးဒေသမှ အရာထမ်း၊ အမှုထမ်းများက ငလိုက်ဆည်ရေဝေရေလဲဧရိယာ ရေစီးဆင်းမှုကောင်းမွန်စေရေး၊ မြေဆီလွှာထိန်းသိမ်းနိုင်ရေးတို့အတွက် သစ်ပင်များစုပေါင်း စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ ငလိုက်စခန်းသာဆင်စခန်းဝင်းအတွင်း မိုးရာသီသစ်ပင် စိုက်ပျိုးခြင်းတွင် ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ မဟော်ဂနီ၊ ယမနေ၊ စစ်၊ မန်ဂျန်ရှားပင်များကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ကျော်စွာဟိန်း (ပြန်/ဆက်)**



နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း ပျဉ်းကတိုးပင် စိုက်ပျိုးပေးနေစဉ်။

# ပူတာအိုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ပူတာအို ဇူလိုင် ၃**

ကချင်ပြည်နယ် စီးပွားရေးရာ ဝန်ကြီး ဦးမျိုးဆွေ၊ လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ရဲမှူးကြီး ကျော်ထွန်းတို့သည် ပူတာအိုဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဇူလိုင် ၁ ရက်က ပူတာအိုမြို့ ဖုန်ကန်ရာ ဇိခန်းမ၌ တွေ့ဆုံပွဲကျင်းပသည်။

တွေ့ဆုံရာတွင် ပြည်နယ် စီးပွားရေးရာဝန်ကြီးက ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနဆိုင်များအနေဖြင့် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်စေရေး၊ လုပ်ငန်းလိုအပ်ချက်များကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အချိန်မီတင်ပြ ဆောင်ရွက်ကြရေး မှာကြားပြီး ပြည်နယ်လမ်းပန်းဆက်သွယ်ရေးရာ ဝန်ကြီးက ခရိုင်အတွင်း ဘဏ္ဍာနှစ်အလိုက် ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ထို့အပြင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများတွင်လည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရေး တိုက်တွန်းပြောကြားသည်။




ပူတာအိုဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ယင်းနောက် ပြည်နယ် လမ်းပန်း ဆက်သွယ်ရေးရာ ဝန်ကြီးသည် ပူတာအိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခေါင်လန်ဒီး၊ တာဝန်ရှိသူများနှင့်အတူ ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ပူတာအို- လယ်မယ်ဝါချီ- နမ်ရှယ်ကော့- မန်စေ-မန်စေခွန်လမ်း (ပူတာအိုလွင်ပြင်ပတ်လမ်း)ပေါ်၌ အရှည်ပေ ၂၄၀ နမ့်ပလန့်ချောင်း သံကူကွန်ကရစ်တံတား စီမံကိန်း ရှင်းလင်းဆောင်၌ ခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသန့်အောင်နှင့် တာဝန်ရှိသူများက ပူတာအိုလွင်ပြင် ပတ်လမ်းအရှည် ၂၅ မိုင်တွင် ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် အကောင်အထည်ဖော်ရန် ကျန်ရှိသည့် လမ်းပိုင်းနှင့် တံတားများအား ရှင်းလင်းတင်ပြမှု အပေါ်လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နမ့်ပလန့်ချောင်းကူး သံကူကွန်ကရစ် တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးသည် အထက်ဆန်ဂေါင်- လုံနဒမ်း- ဇီယာဒမ်းလမ်း (ရေခဲတောင်သွားလမ်း) တောင်ခြေ ရှင်းလင်းဆောင်သို့ သွားရောက်ပြီး အထက်ဆန်ဂေါင်-လုံနဒမ်း- ဇီယာဒမ်း(ရေခဲတောင်)သွားလမ်း အရှည် ၂၄ မိုင်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့်လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးက ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လမ်းသည် လမ်းအရှည်မှာ ၂၄ မိုင် ရှည်သော လမ်းဖြစ်ပြီး ကျေးရွာ ရှစ်ရွာ၊ အိမ်ခြေ ၃၈၂ အိမ်၊ လူဦးရေ ၁၁၃၉ ဦးအား အကျိုးပြုမည့်အပြင် အဆိုပါ လမ်းပိုင်း ဆောင်ရွက်ပြီးစီးပါက ရေခဲတောင်ခရီးစဉ်အဖြစ် Eco Tourism လုပ်ငန်းအတွက် အထူးအရေးပါသောလမ်း တစ်လမ်းဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**

# မိုးညိုမြို့နယ်၌ ရေဘေးအန္တရာယ်သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခန်းပြုလုပ်

**မိုးညို ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ထွင့်မြတ်စံပြကျေးရွာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ ရေဘေးအန္တရာယ် သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်ခန်းပြုလုပ်ခြင်းနှင့် ဟောပြောပွဲကို ယမန်နေ့က ပြုလုပ်ခဲ့သည်။

အဆိုပါ ဟောပြောပွဲအခမ်းအနားတွင် သာယာဝတီခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဝင်းဝင်းမာက ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးကျော်ကျော်နိုင်က ကျန်းမာရေးနှင့်ပတ်သက်၍ လိုက်နာရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေဘေးအန္တရာယ် သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်ခြင်းကို ဆောင်ရွက်ခဲ့ရာ သဘာဝဘေးကြုံတွေ့လာပါက သတင်းပို့ခြင်း၊ သတိပေးကြေညာခြင်း၊ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ခြင်း၊ ဆေးကုသမှုဆောင်ရွက်ပေးခြင်း၊ ရေနစ်သူအား ကယ်ဆယ်၍ ရှေးဦးသူနာပြုစုခြင်းများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့တို့မှ ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ခြင်းကို ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာနေပြည်သူများက တက်ရောက်ကြည့်ရှုခဲ့ကြသည်။ **ကိုမင်း(ပြန်/ဆက်)**



ရေနစ်သူအား ရှေးဦးသူနာပြုစုခြင်း ဆောင်ရွက်ပေးနေစဉ်။

*စာမျက်နှာ ၁၀ မှ*

လောကတွင် "အခွင့်ကောင်းဆိုတာ နှစ်ခါမလာဘူး၊ တစ်ခါပဲလာတယ်"ဟု သုံးသပ်ဆင်ခြင်ပြီး အခွင့်ကောင်းကို ပိုင်ပိုင်နိုင်နိုင် အသုံးချ၍ ဘဝခရီးတွင် ကြီးပွားတိုးတက်အောင် စွမ်းဆောင်နိုင်သူများရှိသကဲ့သို့ အခွင့်ကောင်းတစ်ရပ်နှင့် ကြုံကြိုက်သော်လည်း အခွင့်ကြုံမှန်းမသိကြဘဲ အခွင့်ကောင်းကို အသုံးမချနိုင်ခဲ့၍ ဘဝတစ်ခုကို လက်လွှတ်ဆုံးရှုံးခဲ့ကြရသူများလည်း ရှိကြသည်။

စင်စစ်အားဖြင့်မူ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ လုပ်သင့်တာနှင့် မလုပ်သင့်တာ၊ အခွင့်ကောင်းကြုံကြိုက်ခြင်း၊ မကြုံကြိုက်ခြင်း၊ အခွင့်ကောင်းကြုံလျှင် ဘာလုပ်သင့်သည်ဆိုသည်များကို ပညာဖြင့်သာ ခွဲခြားသိမြင်နိုင်သည်။

သို့ဖြစ်၍ **နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် လူငယ်လူရွယ်များသည် နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အတိတ်က သမိုင်းသင်ခန်းစာများကို ပညာဉာဏ်ဖြင့်ဆင်ခြင်၍ အခွင့်ကောင်းကို လက်မလွှတ်တမ်း အသုံးချနိုင်စေရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။** ။

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် အမှတ် (၁) ရေနံချက်စက်ရုံ (သန်လျင်) ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၃

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အမှတ် (၁) ရေနံချက်စက်ရုံ (သန်လျင်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)



ဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးတို့က စက်ရုံသမိုင်းကြောင်း၊ စက်ရုံလည်ပတ်ခဲ့မှု၊ ဝန်ထမ်းနှင့် လုံခြုံရေးအင်အားရရှိမှု၊ စက်သုံးဆီသိုလှောင်ကန်၊ စက်သုံးဆီ တင်ချဆိပ်ခံတံတား၊ ရေနံဓာတ်ငွေ့ရည် သိုလှောင်ကန်များနှင့် စက်ဆီရောစပ်စည်သွတ်စက်ရုံတို့ကို ပြုပြင်မွမ်းမံထိန်းသိမ်းမှု၊ စက်ရုံဓာတ်ခွဲခန်းတွင် စက်သုံးဆီနှင့် စက်ဆီ/ချောဆီများ စမ်းသပ်နေမှုနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များ၊ စက်ရုံဧည့်ရိပ်သာ၊ ရုံးအဆောက်အအုံများ ပြင်ဆင်မွမ်းမံထားရှိမှု၊ စက်ဆီရောစပ်စည်သွတ်စက်ရုံ လည်ပတ်ထုတ်လုပ်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံဧည့်ရိပ်သာ၊ ရုံးအဆောက်အအုံများ ပြင်ဆင်မွမ်းမံထားရှိမှုနှင့် ရေနံပေါင်းတင်စက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းအဆောက်အအုံများကို စဉ်ဆက်မပြတ် ပြုပြင်မွမ်းမံထိန်းသိမ်းရန် လိုအပ်ကြောင်း၊ စက်ရုံ မွမ်းမံပြင်ဆင်ခြင်းနှင့် စက်ရုံလည်ပတ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်သုံးဆီအမျိုးမျိုးကို ပြည်တွင်း၌ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအား ထပ်မံဖိတ်ခေါ်သွားရန်လိုကြောင်း၊ စက်ရုံဆိပ်ကမ်းတွင် ရေနံစိမ်းသင်္ဘောများ ဆိုက်ကပ်နိုင်မည့်အခြေအနေကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းလေ့လာ တင်ပြသွားရန်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြန်လည်လည်ပတ်ထုတ်လုပ်လျက်ရှိသည့် စက်ဆီရောစပ် စည်သွတ်စက်ရုံနှင့် သိုလှောင်ကန်များ ပြုပြင်မွမ်းမံပြီးစီးမှု၊ Filling Mechine ဖြင့် စက်ဆီ/ချောဆီ ဖြည့်တင်းဆောင်ရွက်နေမှုနှင့် ကုန်ကြမ်းသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး စက်ဆီရောစပ်စည်သွတ်စက်ရုံကို စဉ်ဆက်မပြတ် လည်ပတ်ထုတ်လုပ်ကာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ လိုအပ်သော Mono-grade အဆင့် စက်ဆီ/ချောဆီများ အမြန်ဆုံး ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ရန် လိုကြောင်း၊ ဒုတိယအဆင့်အနေဖြင့် Mono-grade အဆင့်မှ Multi-grade အဆင့်ရှိသော စက်ဆီ/ချောဆီများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ စီးပွားရေးတွက်ချေကိုက်မှု ရှိစေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပြည်ပမှ ကုန်ကြမ်းတင်သွင်းကာ ဝန်ဆောင်ခပေးချေသောစနစ်ဖြင့် စက်ဆီ/ချောဆီ ရောစပ် ထုတ်လုပ်ဖြန့်ဖြူးခြင်းကိုလည်း ဖိတ်ခေါ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်ရုံဝင်းအတွင်းရှိ ရှေးဟောင်း ပေါ်တူဂီဘုရားကျောင်းသို့ရောက်ရှိရာ ဘုရားကျောင်းတာဝန်ခံ၏ ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ ဘုရားကျောင်း ရေရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီးအတွင်း မဲဆန္ဒရှင်စာရင်းမှန်ကန်ရေး စစ်ဆေးဆောင်ရွက်မှုကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသင်တန်းကျောင်း၌ နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင် မှန်ကန်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူစာရင်းများ ပြုစုခြင်းနှင့် နိုင်ငံသားကတ်နှင့် အိမ်ထောင်စု လူဦးရေစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် မြေပြင်စာရင်းများနှင့် တိုက်ဆိုင်စစ်ဆေးကာ ကွန်ပျူတာများဖြင့် ဖြည့်သွင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးရာ အထွေထွေရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားရေးမှူး ဦးသိန်းဦးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို လိုက်လံရှင်းလင်းတင်ပြကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာ ပစ္စည်းများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။ ယခုလုပ်ငန်းစဉ်တွင် လူအင်အား ၁၅၀ ကျော်က ကွန်ပျူတာတစ်လုံးလျှင် တစ်ရက် ပျမ်းမျှ လူဦးရေ ၆၆၀ နှုန်းခန့်ဖြင့် ကွန်ပျူတာ ၈၂ လုံး အသုံးပြုကာ တစ်ရက်လျှင် ပျမ်းမျှလူဦးရေစုစုပေါင်း ၄၅၀၀၀ ကျော်ကို အချက်အလက်များ မှန်ကန်ရေး တိုက်ဆိုင်စစ်ဆေး ဖြည့်သွင်းပြုစု ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းကျောင်းခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ နိုင်-၄ မှတ်တမ်းပါ အချက်အလက်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွန်ပျူတာဖြင့် ဖြည့်သွင်းကာ ရုံးချုပ် Server သို့ ပေးပို့ဆောင်ရွက်ပြီးစီးမှု၊ မှတ်တမ်းစာရင်းများ မှန်ကန်ရေးအတွက် မြေပြင်ရှိ ကိုယ်ရေးအချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးမှု၊ ယခင်မဲစာရင်းများတွင် ကတ်ပြားအမှတ်များ ဖြည့်သွင်းရန် ကျန်ရှိမှုများအပေါ် ပြန်လည်စိစစ်ဖြည့်သွင်းနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။ (ဝဲပုံ)

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာ(အရှေ့) မြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ ဝန်ထမ်းများက မြို့နယ်အတွင်း ထုတ်ပေးပြီးဖြစ်သည့် နိုင်ငံသားကတ်ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် (နိုင်-၄) ပါ အချက်အလက်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ကွန်ပျူတာများအတွင်း ဖြည့်သွင်းပြီးစီးမှုနှင့် နေပြည်တော် (ရုံးချုပ်) ရှိ Server သို့ ပေးပို့ဆောင်ရွက်မှု၊ နိုင်ငံသားကတ်အမှတ်များထပ်နေမှုနှင့် ဖြည့်သွင်းရန် ကျန်ရှိနေသည့် နိုင်-၄ မှတ်တမ်း အချက်အလက်များ ပြည့်စုံမှန်ကန်စွာ စိစစ်ဖြည့်သွင်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတောင်မြို့နယ်တွင် မြေဆီလွှာတိုးတက်စေရေး သရုပ်ပြ

ရွှေတောင် ဇူလိုင် ၃

ရွှေတောင်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးကြပ်၍ ရွှေတောင်မြို့နယ် ဇယ်မကျေးရွာအုပ်စု စိုက်ပျိုးရေးရွာသစ်ကျေးရွာ ကွင်းအမှတ် (၄) ၄၉၀ ရေမျက်ကွင်းရှိ လယ်မြေ ၇ ဒသမ ၀၀ ဧကတွင် ယနေ့နံနက်ပိုင်းက မြေဆီလွှာ တိုးတက်စေရေး(ပိုက်ဆံလျှော်) သစ်စိမ်းမြေဩဇာ ထယ်ထိုးမြေမြှုပ်ခြင်း သရုပ်ပြပွဲ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ပြီး မြေဆီလွှာတိုးတက်စေရေး (ပိုက်ဆံလျှော်) သစ်စိမ်းမြေဩဇာ ထယ်ထိုးမြေမြှုပ်ခြင်း လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# ပေါင်းတည်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

ပေါင်းတည် ဇူလိုင် ၃

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီက ပေါင်းတည် အ.ထ.က ကျောင်းဝင်းအတွင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

အဆိုပါ သစ်ပင်စိုက်ပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးက စိုက်ပျိုးမည့် ပျိုးပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းနှင်းစိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများအား ပေးအပ်ပြီး စုပေါင်းစိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်



သစ်တောဦးစီးဌာန ဝန်ထမ်းများက ကျွန်း၊ မန်ကျည်းရှား၊ ခရေနှင့် ရေတမာ စသည့်ပျိုးပင်ပေါင်း ၁၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**အေးအေးဆင့်(ပြန်/ဆက်)**

# ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်းရှိ လူဦးရေ တစ်သန်းခန့် စစ်ကျန်မိုင်းနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများ၏အန္တရာယ် ခြိမ်းခြောက်ခံနေရ

**ဖနောင်ပင် ဇူလိုင် ၃**

မြေမြှုပ်မိုင်း ရှင်းလင်းရေးအတွက် ပုဂ္ဂလိကကဏ္ဍနှင့် ကမ္ဘောဒီးယားနိုင်ငံ ကြက်ခြေနီအသင်းတို့၏ လှူဒါန်းမှုများအတွက် ကမ္ဘောဒီးယားအစိုးရအား ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (UNDP) က ချီးကျူးဂုဏ်ပြုကြောင်း ဇူလိုင် ၃ ရက်တွင် ထုတ်ပြန်သည်။

ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်ဆန်၏ မေတ္တာရပ်ခံချက်အရ ကမ္ဘောဒီးယား နိုင်ငံသားများ စုပေါင်းကာ မြေမြှုပ်မိုင်းရှင်းလင်းရေးအတွက် အလှူငွေများကို ဇူလိုင် ၂ရက်က လှူဒါန်းခဲ့သည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်က ကမ္ဘောဒီးယားအစိုးရ၏ မိုင်းရှင်းလင်းရေး အစီအစဉ်နှင့် မိုင်းကြောင့် ထိခိုက်ခံစားရသူများအား ကူညီစောင့်ရှောက်ရေး အဖွဲ့အစည်းများအား ဆက်လက်ပံ့ပိုးကူညီရန် အဆင်သင့်ရှိနေကြောင်း၊ ထို့အတူ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်လျက်ရှိသည့် မိတ်ဖက် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများအား ဆက်လက်ပူးပေါင်း ကူညီဆောင်ရွက်သွားမည်ဖြစ်ကာ မိုင်းကင်းစင်ရေး အစီအစဉ် ၂၀၂၅ နှင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင် ၂၀၃၀အစီအစဉ်အရ မည်သူ့ကိုမျှ ချန်မထားရေးသည် အလွန်အရေးကြီးကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ကမ္ဘောဒီးယား နိုင်ငံသည် စစ်ကျန်မိုင်းနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများကြောင့် ထိခိုက်မှုများ အဆိုးရွားဆုံး ခံစားရသည့် နိုင်ငံများတွင် ပါဝင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဆယ်စုနှစ် သုံးစုကြာ ဖြစ်ပွားခဲ့သည့် ပြည်တွင်းပဋိပက္ခများနှင့် စစ်ပွဲများမှာ ၁၉၉၈ ခုနှစ်တွင် ပြီးဆုံးခဲ့ပြီး စစ်ပွဲများမှ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်း အရေအတွက် ခန့်မှန်းခြေအား ဖြင့် လေးသန်းမှ ခြောက်သန်းခန့် အထိ ကျန်ရှိနေခြင်းဖြစ်သည်။

၁၉၇၉ ခုနှစ်ကစ၍ မိုင်းနှင့် စစ်ကျန်ပေါက်ကွဲစေတတ်သည့် ပစ္စည်းများကြောင့် လူပေါင်း ၆၅၀၀၀ ခန့်ကို ထိခိုက်သေဆုံး ဒဏ်ရာရမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ မိုင်းရှင်းလင်းရေး အစီအစဉ်နှင့် မိုင်းကြောင့်ထိခိုက်ခံစားရသူများ ကူညီရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဖြစ်သူ လီသပ်ရှ်က ဆိုသည်။



ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ မိုင်းကွင်းများအတွင်း မိုင်းရှင်းလင်းရေးအဖွဲ့များက မြေမြှုပ်မိုင်းများ ရှာဖွေနေစဉ်။

၁၉၉၂ ခုနှစ်မှ ၂၀၂၂ ခုနှစ် ဧပြီလအထိ ကမ္ဘောဒီးယားနိုင်ငံ၏ ဧရိယာ ၂၃၇၉စတုရန်းကီလိုမီတာ အတွင်းရှိ မိုင်းအလုံးပေါင်း ၁ ဒသမ ၁ သန်း၊ တင့်ကားမိုင်း အလုံးရေ ၂၆၀၀၀နှင့် အခြား ပေါက်ကွဲစေတတ်သည့် စစ်လက်နက်ပစ္စည်း သုံးသန်းခန့်ကို ဖယ်ရှား ရှင်းလင်းနိုင်ခဲ့သည်။ ထိုသို့ ရှင်းလင်းနိုင်မှုကြောင့် မိုင်းရှင်းလင်းသွားသည့် နယ်မြေများအတွင်းရှိ လူဦးရေ ၇ ဒသမ ၅ သန်း၏ ဘေးကင်းလုံခြုံမှုအတွက် အကျိုးပြုနိုင်ခဲ့သည်။

ယခုကဲ့သို့ မိုင်းရှင်းလင်းရေး လုပ်ငန်းများအတွက် ထူးထူးခြားခြား အောင်မြင်မှုများရှိခဲ့ပြီဖြစ်သော်လည်း ကမ္ဘောဒီးယားနိုင်ငံအတွင်း ကျန်ရှိနေသည့် မိုင်းကွင်းဧရိယာ ၇၃၆ စတုရန်းကီလိုမီတာကို ၂၀၂၅ ခုနှစ်မတိုင်မီ ရှင်းလင်းဖယ်ရှားနိုင်ရန် လိုအပ်နေသေးကြောင်း သပ်ရှ်က မိုင်းရှင်းလင်းရေးအတွက် ရန်ပုံငွေလှူဒါန်းသူများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ **ဆင်ဟွာ**




## ဩစတြေးလျနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၀၀၀ ကျော်လာ

**ကင်ဘာရာ ဇူလိုင် ၃**

ဩစတြေးလျနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ မြင့်တက်လျက်ရှိရာ ဇူလိုင် ၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၀၀၀ ကျော် ထပ်မံတွေ့ရှိပြီး နောက်ထပ် သေဆုံးသူ ၃၀ ကျော်ရှိကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၀၀၀၀ ကျော်လာပြီ ဖြစ်သည်။ အဆိုပါ သေဆုံးသူများအနက် ၇၅၀၀ ကျော်သည် ၂၀၂၂ ခုနှစ်တွင် ဖြစ်ကြောင်း၊ ဩစတြေးလျနိုင်ငံ လူဦးရေ ၅၅ ရာခိုင်နှုန်းကျော်ရှိသည့် ဗစ်တိုးရီးယားပြည်နယ်နှင့် နယူးဆောက်ဝေးလ်ပြည်နယ်တို့သည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက် ၇၅ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။

ထို့ပြင် ဩစတြေးလျနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၅ ရာခိုင်နှုန်းခန့်သည် အသက် ၈၀ နှင့် ၈၉ နှစ်ကြားဖြစ်ပြီး နောက်ထပ် သေဆုံးသူ ၂၅ ရာခိုင်နှုန်းသည် အသက် ၉၀ နှင့် အထက် ဖြစ်သည်။ ကျန်းမာရေးနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဝန်ကြီး မာ့ခ်ဘတ်လာသည် ကိုဗစ်-၁၉ ရောဂါကို ခုခံကာကွယ်နိုင်ရန်အတွက် အပိုထပ်ဆောင်းကာကွယ်ဆေးထိုးနှံကြရန် မကြာသေးမီက ပြည်သူများကို တောင်းဆိုထားသည်။

**ဆင်ဟွာ**

### နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

**စင်ကာပူ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၁၂၇ ဦး ထပ်မံတွေ့ရှိ**

- စင်ကာပူနိုင်ငံသည် ဇူလိုင် ၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၁၂၇ ဦး ထပ်မံတွေ့ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါထပ်မံကူးစက်ခံရသူများအနက် ၅၅၁ ဦးသည် ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ၅၅၇၆ ဦးသည် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

**ပါကစ္စတန်၌ ဘတ်စ်ကားတစ်စီး ချောက်ထဲကျ၍ ၁၉ ဦးထက်မနည်း သေဆုံး**

- ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘာလိုချီစတန်ပြည်နယ် ရှီရာနီခရိုင်အနီးတွင် ဇူလိုင် ၃ ရက်က ခရီးသည်တင်ဘတ်စ်ကား တစ်စီး လျှိုမြောင်ထဲသို့ ထိုးကျမှုဖြစ်ပွားပြီး ယာဉ်ပေါ်ပါခရီးသည် ၁၉ ဦးထက်မနည်း သေဆုံးကာ ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ပြည်တွင်းမီဒီယာက ပြောသည်။ အဆိုပါ ခရီးသည်တင်ဘတ်စ်ကား ထိုးကျမှုဖြစ်ပွားရာနေရာသည် အနောက်မြောက်ပိုင်း ခိုင်ဘာပတ်ခ်ထွန်းခွါ နယ်နိမိတ်တစ်လျှောက်ရှိ ဒါနာဆာဒေသတွင်ဖြစ်ပြီး မိုးရွာသွန်းနေသည့်အတွက် ယာဉ်မောင်းမှာ အရှိန်မထိန်းနိုင်သောကြောင့် ထိုးကျခြင်းဖြစ်ကြောင်း အစီရင်ခံစာများတွင် ဖော်ပြထားသည်။

## ပါကစ္စတန်နိုင်ငံ၏ နိုင်ငံပိုင်အဆောက်အအုံများတွင် ဆိုလာဓာတ်အားပေးစနစ် ပြောင်းလဲသုံးစွဲသွားမည်

**အစ္စလာမ္မာဘတ် ဇူလိုင် ၃**

ပါကစ္စတန်နိုင်ငံ၏ နေရောင်ခြည်စွမ်းအင်ဆိုင်ရာ လုပ်ငန်းအဖွဲ့က မြို့တော်အစ္စလာမ္မာဘတ်ရှိ နိုင်ငံပိုင် အဆောက်အအုံများအားလုံးတွင် နေရောင်ခြည်စွမ်းအင်စနစ် ပြောင်းလဲ အသုံးပြုနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီး မာရီယွန် အော်ရန်ဇစ်ဘ်က ပြောသည်။



အလုပ်အဖွဲ့သည် နိုင်ငံအတွင်း နေရောင်ခြည်စွမ်းအင် တိုးမြှင့်ထုတ်လုပ်ရေးဆိုင်ရာ ဆောင်ရွက်မှု အမျိုးမျိုးကို ပြန်လည်သုံးသပ်သည့် အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ပြီး အစိုးရအနေဖြင့် အစိမ်းရောင် စွမ်းအင်ရရှိရေး လုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့စေရေးအတွက် လက်တွေ့ကျသော ခြေလှမ်းများကို လုပ်ဆောင်နေပြီ ဖြစ်ကြောင်း၊ ယမန်နှစ်က ဆိုလာမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှု ပမာဏ ၆၀၀ မဂ္ဂါဝပ်ရှိခဲ့ပြီး ထပ်မံတိုးမြှင့်မည့် ခြေလှမ်းသစ်များကိုလည်း လုပ်ဆောင်လျက်ရှိကြောင်း ပြန်ကြားရေးဝန်ကြီးက ဆိုသည်။

စွမ်းအင်ချွေတာရေးနှင့် အစိမ်းရောင်စွမ်းအင်ကဏ္ဍ မြှင့်တင်ရေး မူဝါဒတစ်ရပ်အဖြစ် လျှပ်စစ်မီး အထောက်အပံ့ ရရှိပြီးဖြစ်သည့် နေရာများတွင်လည်း နေရောင်ခြည်စွမ်းအင်စနစ် ပြောင်းလဲ အသုံးပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး နေရောင်ခြည်စွမ်းအင် အသုံးပြုမှုစနစ်သို့ ကူးပြောင်းရာတွင် အသေးစားလုပ်ငန်းများအတွက် သက်သာသည့်ချေးငွေများလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဖြစ်သူ မာရီယွန် အော်ရန်ဇစ်ဘ်က ပြောကြားသည်။

**ဆင်ဟွာ**

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာ Forms of the verbs (ကြိယာဖွဲ့စည်းပုံ) တွေကို ဖော်ပြလိုက်တဲ့အပြင် အသုံးများတဲ့ ကြိယာတွေကို ဇယားနဲ့တကွဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Shortest way to talk about hotel English–6" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary ပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူ စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate


ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် Grammar အပိုင်းမှာတော့ Forms of the verbs (ကြိယာဖွဲ့စည်းပုံ)တွေကို ဖော်ပြလိုက်ပါတယ်။ Tenses တွေကို အသေးစိတ်မရှင်းပြခင် ကြိယာဖွဲ့စည်းပုံတွေကို လေ့လာထားဖို့လိုပါတယ်။ အဲဒီလိုလေ့လာထားမှသာ နောင် Tenses တွေအကြောင်း ရှင်းပြတဲ့နေရာမှာ လွယ်လွယ်ကူကူနားလည်မှာဖြစ်ပါတယ်။

**Forms of the Verbs (ကြိယာဖွဲ့စည်းပုံ)**

- I eat rice every day.
- I am eating rice now.
- I ate rice yesterday.
- I have already eaten rice.

ပေးထားတဲ့ ဝါကျတွေမှာ Verbs တွေတစ်ခုနဲ့တစ်ခု မတူညီတာကို တွေ့ရမှာဖြစ်ပါတယ်။ ပထမဝါကျမှာ တွေ့ရတဲ့ "eat" ဟာ ဒီနေရာမှာ "simple present" ပုံစံနဲ့သုံးထားတာဖြစ်ပါတယ်။ ထို့အတူ တတိယဝါကျမှာတွေ့ရတဲ့ "ate" ဟာ "simple past" ဖြစ်ပါတယ်။ ဒီနေရာမှာ "eat" ရဲ့ present participle ပုံစံဖြစ်တဲ့ "eating" ဆိုတဲ့ verb ဟာ သူ့ချည်းပဲ မရပ်တည်နိုင်တာကိုတွေ့ရမှာဖြစ်ပြီး တခြား "helping word" သို့မဟုတ် "special finite" လို့ခေါ်တဲ့ "am" နဲ့တွဲသုံးထားတာ တွေ့ရမှာဖြစ်ပါတယ်။ present participle ကဲ့သို့ပဲ "eat" ရဲ့ past participle ဖြစ်တဲ့ "eaten" ဟာလည်း အကူစကားလုံး "helping word" လိုတာပါပဲ။ ဒီနေရာမှာ "eaten" ကို အကူစကားလုံးဖြစ်တဲ့ "have" နဲ့ တွဲသုံးထားတာကို တွေ့ရမှာဖြစ်ပါတယ်။

မြန်မာဘာသာမှာ ကြိယာရဲ့ မူရင်းသဏ္ဍာန်ဟာ ကာလနဲ့လိုက်ပြီး ပြောင်းလဲလေ့မရှိပါဘူး။ ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်မယ်ဆိုတဲ့ ကာလအမျိုးမျိုးကို ခွဲခြားပြချင်တဲ့အခါ ရှေ့ဆက်ပုံ သေပုဒ်တွေ ပေါင်းထည့်လိုက်ရုံပါပဲ။ ဥပမာ – သွားဆိုတဲ့ ကြိယာရဲ့ ကာလအမျိုးမျိုးကို သွားသည်။ သွားနေသည်။ သွားခဲ့သည်။ သွားလိမ့်မည်ဆိုပြီးဖော်ပြနိုင်ပါတယ်။




အင်္ဂလိပ်ဘာသာမှာတော့ ကြိယာသဏ္ဍာန်ဟာ ကာလနဲ့လိုက်ပြီး သိသိသာသာပြောင်းလဲသွားတာကိုတွေ့ရမှာဖြစ်ပါတယ်။

များသောအားဖြင့် ကြိယာတွေကို အတိတ်ကာလသဏ္ဍာန်ပြောင်းတဲ့အခါ "ed" ပေါင်းရမှာဖြစ်ပါတယ်။

ကြိယာအများစုကို past participle သဏ္ဍာန်ပြောင်းတဲ့အခါ "ed" သို့မဟုတ် "en" ပေါင်းရမှာဖြစ်ပါတယ်။

ကြိယာအများစုကို present participle သဏ္ဍာန်ပြောင်းတဲ့အခါ "ing" ပေါင်းရမှာဖြစ်ပါတယ်။

အောက်မှာအသုံးများတဲ့ ကြိယာတွေကို ဇယားနဲ့တကွ ဖော်ပြပေးလိုက်ပါတယ်။

| Present Tense | Past Tense | Past Participle | Present Participle |
|---|---|---|---|
| awake | awoke | awoken | awaking |
| bear | bore | borne | bearing |
| beat | beat | beaten | beating |
| become | became | become | becoming |
| begin | began | begun | beginning |
| bend | bent | bent | bending |
| bite | bit | bitten | biting |
| bleed | bled | bled | bleeding |
| blow | blew | blown | blowing |
| break | broke | broken | breaking |
| bring | brought | brought | bringing |
| build | built | built | building |
| buy | bought | bought | buying |

## VOCABULARY (SYNONYMS)

1. help = assist (ကူညီသည်)
2. heroic = brave (ရဲစွမ်းသတ္တိရှိသော)
3. high = tall (မြင့်သော)
4. hinder = obstruct (နှောင့်ယှက်သည်၊ ပိတ်ဆို့ဟန့်တားသည်)
5. home = residence (အမြဲနေထိုင်ရာအိမ်)
6. imitate = copy (အတုခိုးသည်၊ တုပသည်)
7. industrious = hardworking (အလုပ်ကြိုးစားသော၊ လုံ့လဝီရိယရှိသော)


*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about hotel English–6

ဒီတစ်ပတ်မှာတော့ Checking Out – ကျသင့်ငွေရှင်း ပြီးဟိုတယ်က ထွက်ခွာလာတဲ့အခါ ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about hotel English–6" ဆိုပြီး ဖော်ပြလိုက်ပါတယ်။




*How can I be of assistance …?*

၁။ ဘာကူညီပေးရမလဲ လို့မေးတဲ့အခါမှာ သုံးလေ့သုံးထရှိတဲ့ စကားပြောပုံစံတစ်ခုဖြစ်ပါတယ်။ ဥပမာ

- How can I be of assistance today?

*I'd like to …*

၂။ တစ်ခုခုလုပ်ချင်တယ်လို့ပြောတဲ့အခါမှာ ဒီပုံစံမျိုး ပြောတာကိုကြားဖူးကြမှာပါ။ ဥပမာ

- I'd like to check out please.

*How would you like to …?*

၃။ ဘယ်ပုံစံနဲ့ ပေးချေချင်လဲ၊ ဘယ်လိုဖြစ်စေချင်လဲ၊ ဘယ်လိုလုပ်စေချင်လဲ လို့မေးတဲ့အခါမှာ သုံးလေ့ရှိပါတယ်။ ဥပမာ

- How would you like to pay for that?

*It takes …. to Vinf …*

၄။ ကြာချိန်ကိုပြောချင်တဲ့အခါ အသုံးပြုနိုင်တဲ့ စကားပြောပုံစံတစ်ခုဖြစ်ပါတယ်။ ဥပမာ–

- It takes 30 minutes to get to the airport.

*We look forward to seeing you …*

၅။ နောက်တစ်ကြိမ်ပြန်လည်တွေ့ဆုံဖို့ စောင့်မျှော်နေပါတယ်လို့ ပြောချင်တဲ့အခါမှာ သုံးနိုင်တဲ့ စာသံပေသံ စကားပြောဟန်တစ်မျိုးဖြစ်ပါတယ်။ ဥပမာ–

- We look forward to seeing you again soon.

**Conversation**

**I'd like to check out**

**Receptionist**: *How can I be of assistance* today?

**Guest**: Hi, *I'd like to check out* please. Here is the key to my room.

**Receptionist**: Yes of course; how was your stay?

**Guest**: Very nice, thank you.

**Receptionist**: Was there anything from the minibar?

**Guest**: No, I didn't have anything.

**Receptionist**: All right then, here is a copy of your bill. *How would you like to pay for that*?

**Guest**: That seems fine, can you put it on my credit card?

**Receptionist**: Yes of course, I'll just do that now …

**Guest**: Now, I need to get to the airport. I have a flight to catch at three o'clock, so what's the quickest way to get there?

**Receptionist**: We do have a free airport shuttle service.

**Guest**: That sounds great, but will it get me to the airport on time?

**Receptionist**: Yes, it should. The next shuttle leaves in 15 minutes, and *it takes approximately 30 minutes to get to the airport*.

**Guest**: Fantastic. I'll just wait in the lounge area. Will you please let me know when it will be leaving?

**Receptionist**: Of course, sir. If you like you can leave your bags with the porter and he can load them onto the shuttle for you when it arrives.

**Guest**: That would be great, thanks.

**Receptionist**: *We look forward to seeing you again soon*. Have a safe trip home.

**Guest**: Thank you. See you next time.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## ဇူလိုင် ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၁၅ ရာခိုင်နှုန်းရှိ

(၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၀၃၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၈၆,၆၈၉) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၆၄၈) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၅၈၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂-၇-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၂၉,၉၁၂,၃၈၆) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၅,၅၃၉,၇၅၈) ဦး တို့အားထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၉၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၂၇) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၆၈) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၆၁၀) ခု | (၅)ဦး |
| စုစုပေါင်း | (၄,၀၃၃) ခု | (၆)ဦး |

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**

**(၂-၇-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၂၉,၉၁၂,၃၈၆ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၅၃၉,၇၅၈ |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူ များအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၃-၇-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၉၅၂၂၃၂၈ | ၈၅၀၁၀၃၄၁ | ၁၀၄၃၃၀၈ |
| ၂။ | အိန္ဒိယ | ၄၃၅၀၂၄၂၉ | ၄၂၈၆၅၅၁၉ | ၅၂၅၁၉၉ |
| ၃။ | ဘရာဇီး | ၃၂၄၇၆၉၂၀ | ၃၀၈၈၀၅၈၄ | ၆၇၁၉၃၈ |
| ၄။ | ပြင်သစ် | ၃၁၂၀၈၉၂၅ | ၂၉၇၀၀၃၃၄ | ၁၄၉၅၈၅ |
| ၅။ | ဂျာမနီ | ၂၈၃၉၂၆၂၉ | ၂၆၇၄၂၈၀၀ | ၁၄၁၂၉၂ |
| ၆။ | ဗြိတိန် | ၂၂၇၄၁၀၆၅ | ၂၂၁၅၈၅၈၇ | ၁၈၀၄၁၇ |
| ၇။ | အီတလီ | ၁၈၆၉၅၉၅၄ | ၁၇၅၆၁၉၀၂ | ၁၆၈၄၈၄ |
| ၈။ | ရုရှား | ၁၈၄၃၉၇၅၉ | ၁၇၈၆၇၆၈၈ | ၃၈၁၂၆၃ |
| ၉။ | တောင်ကိုရီးယား | ၁၈၃၈၉၆၁၁ | ၁၈၂၂၃၉၁၇ | ၂၄၅၇၀ |
| ၁၀။ | တူရကီ | ၁၅၁၂၃၃၃၁ | ၁၅၀၀၅၂၄၉ | ၉၉၀၃၂ |

### ၃-၇-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၄၈၆၃၉ | ၉၇၀၈၉၈၄ | ၄၃၀၈၇ |
| အင်ဒိုနီးရှား | ၆၀၉၃၉၁၇ | ၅၉၂၀၂၄၉ | ၁၅၆၇၄၉ |
| မလေးရှား | ၄၅၇၁၃၅၅ | ၄၅၀၅၁၉၉ | ၃၅၇၇၁ |
| ထိုင်း | ၄၅၃၀၁၀၅ | ၄၄၇၄၄၁၆ | ၃၀၇၀၃ |
| ဖိလစ်ပိုင် | ၃၇၀၈၂၇၁ | ၃၆၃၇၉၇၆ | ၆၀၅၉၂ |
| စင်ကာပူ | ၁၄၆၁၁၀၇ | ၁၃၆၁၂၈၄ | ၁၄၁၆ |
| မြန်မာ | ၆၁၃၆၄၈ | ၅၉၂၅၈၉ | ၁၉၄၃၄ |
| လာအို | ၂၁၀၃၀၇ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၆၄၇၂၇ | ၁၅၇၆၆၇ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၂၉၆ | ၁၃၃၂၀၆ | ၃၀၅၆ |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

*(ယမန်နေ့မှအဆက်)*

ဆက်လက်ပြီး အပိုင်း(၂)အထွေထွေအကြောင်းအရာများဖြစ်သည့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စက်သုံးဆီကဏ္ဍ၊ စားသုံးဆီကဏ္ဍနှင့် နိုင်ငံတကာချေးငွေကဏ္ဍများကို ပြောကြားလိုကြောင်း၊ ပညာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး လက်ရှိအခြေအနေတွင် ၂၀၂၂-၂၀၂၃ အခြေခံပညာသင်နှစ်ကို ဇွန် ၂ ရက်မှစပြီး စတင်ဖွင့်လှစ်လျက်ရှိကြောင်း၊ ကျောင်းတက်ရောက်ရမည့် စာရင်းရှိ ကျောင်းသားဦးရေ၏ ၉၄ ဒသမ ဝ၃ ရာခိုင်နှုန်း ကျောင်းတက်ရောက်လျက်ရှိကြောင်း၊ ရေဝတီတိုင်းဒေသကြီးက ကျောင်းအပ်နှံတက်ရောက်မှုအများဆုံးဖြစ်ပြီး ကယားပြည်နယ်မှာ အနည်းဆုံးဖြစ်ကြောင်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ၅ ဒသမ ၃ သန်းကျော် ကျောင်းအပ်နှံတက်ရောက်ခဲ့သည့်အတွက် ယခင်နှစ်ကထက် လေးသန်းနီးပါး ကျောင်း ပိုမိုတက်ရောက်လျက်ရှိသည်ကို ပြောလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပညာကို လိုလားသည့် ကျောင်းသား ကျောင်းသူများ၊ ပူးပေါင်းဆောင်ရွက်သည့် မိဘပြည်သူများကို အသိအမှတ်ပြုဂုဏ်ယူပါကြောင်း ပြောကြားလိုကြောင်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းအနေဖြင့် ကျောင်းတွင်း/ပြင်ပ ၂၈၁၇၅၁ ဦး ဖြေဆိုခဲ့ရာတွင် ၁၃၂၀၇၇ ဦး ( တစ်သိန်း သုံးသောင်းကျော်)အောင်မြင်မှုရှိကြောင်း၊ အောင်မြင်မှုရာခိုင်နှုန်းမှာ ၄၆ ဒသမ ၈၈ ရာခိုင်နှုန်းရှိကြောင်း၊ စာမေးပွဲများကို စံချိန်စံညွှန်းစည်းကမ်းများအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေနှင့် အခက်အခဲများကြားမှ ပညာကို လိုလိုလားလား သင်ယူကြိုးစားခဲ့သောကြောင့် အောင်ချက်ကောင်းမွန်ကြောင်း တွေ့ရကြောင်း၊ နိုင်ငံတော်အစိုးရအနေနှင့် အသိအမှတ်ပြုဂုဏ်ယူရပါကြောင်း။

### နောက်ဆုံးတစ်ကြိမ် တက္ကသိုလ်ဝင် စာမေးပွဲ ကျင်းပပေးရန် စီစဉ်ထား

အဆိုပါပညာသင်နှစ်တွင် အခက်အခဲများကြားမှ ကျောင်းတက်ရခြင်း၊ ဖြေဆိုရခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ၊ အခြားလုံခြုံရေးပိုင်းဆိုင်ရာ နှောင့်ယှက်မှုများကြုံတွေ့ရခြင်း၊ ဆရာ ဆရာမများကိုလည်း အသက်အန္တရာယ်ရှာသည်အထိ PDF အမည်ခံအကြမ်းဖက်သမားများက နှောင့်ယှက်ခဲ့ခြင်းများလည်း ရှိကြောင်း၊ ထိုသို့သော အခက်အခဲကြားမှ ကျောင်းတက်ဖြေဆိုရသူများကို နိုင်ငံတော်အကြီးအကဲက အသိအမှတ်ပြုကြောင်း၊ ထို့ကြောင့်လည်း ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ခြင်းမရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ၂၀၂၃ ခုနှစ်တွင် နောက်ဆုံးတစ်ကြိမ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပပေးရန်စီစဉ်ထားကြောင်း ပြောလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်းကို KG+9 အခြေခံပညာအလယ်တန်းအဆင့် ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရန် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ KG+9 ပြီးဆုံးသည့်အခါ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားသည့် ကျောင်းများကို ဆက်လက်တက်ရောက်နိုင်ပြီး လုပ်ငန်းခွင်ဝင်ရောက်နိုင်မည်ဖြစ်သကဲ့သို့ သတ်မှတ်အရည်အချင်းပြည့်မီလျှင်လည်း အဆင့်မြင့်ပညာရပ်များကို သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်သင်ကြားမှုအနေဖြင့် ၂၀၂၂ ခုနှစ် မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်များအတွက် ဘွဲ့ကြိုသင်တန်းများနှင့် ပါရဂူသင်တန်းများအပါအဝင် ဘွဲ့လွန်သင်တန်းများအားလုံးကို တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် ၄၉ ကျောင်းတွင် ဖွင့်လှစ်ခဲ့ရာ စာရင်းရှိ ၂၉၉၅၁၃ ဦး (နှစ်သိန်း ကိုးသောင်းကျော်)၊ ကျောင်းအပ်နှံမှု ၂၄၆၅၃၁ ဦး (နှစ်သိန်း လေးသောင်းကျော်ရှိပြီး ၇၂၆၆၀ ဦး (ခုနစ်သောင်း နှစ်ထောင်ကျော်) ကျောင်းတက်ရောက်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် ဇွန်လအတွင်းတွင်လည်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်လာကြသည့်သူများအတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဝေးသင်သင်တန်းများရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ် ၄၁ ကျောင်း၌ အဝေးသင်သင်တန်းများကို ပုံမှန်နေ့သင်တန်းများနှင့်အတူ တစ်ပြိုင်တည်းဖွင့်လှစ်ခဲ့ကြောင်း၊ အဝေးသင် သင်တန်းအသီးသီးတွင် အနီးကပ်သင်တန်းများ ပို့ချခဲ့ပြီးနောက် စာမေးပွဲများ စစ်ဆေးခဲ့ရာ စာမေးပွဲဖြေဆိုခဲ့သည့် ကျောင်းသား ကျောင်းသူဦးရေ ၂၄၃၉၉ ဦး (နှစ်သောင်း လေးထောင်ကျော်)ရှိပြီး အဝေးသင်အောင်စာရင်းများကို မကြာမီထုတ်ပြန် ကြေညာပေးသွားမည်ဖြစ်ကြောင်း။

### ကျောင်းသား ကျောင်းသူများကို ပြန်လည်ဖိတ်ခေါ်

ယခင်စာသင်နှစ်များတွင် ကျောင်းအပ်မှတ်ပုံတင်ရန် ကျန်ရှိနေသည့် နှစ်ချို့ ကျောင်းသား ကျောင်းသူများနှင့် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်လာပြီး ၂၀၂၂ ပညာသင်နှစ် အဝေးသင်ပထမနှစ်သင်တန်းများကို တက်ရောက်ခွင့်ရရှိထားကြသူများ အားလုံးကိုလည်း ၃၁-၇-၂၀၂၂ ရက်အထိ သက်ဆိုင်ရာကျောင်းများတွင် ကျောင်းဝင်မှတ်ပုံတင်ရန်နှင့် စာစဉ်များ တင်သွင်းနိုင်မည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် နယ်စပ်ဒေသများ၊ ပြည်တွင်းက မလုံခြုံသည့်နေရာများ၌ ရောက်ရှိနေပြီး ရိုးသားစွာကျောင်းပြန်တက်လိုသည့် ကျောင်းသား ကျောင်းသူများကိုလည်း ပညာရေးကို ဆက်လက်လုပ်ဆောင်နိုင်ရေး မိမိတို့အစိုးရက ပြန်လည်ဖိတ်ခေါ်ကြောင်း၊ ကြေညာချက်များလည်း ထုတ်ထားကြောင်း၊ ပညာခေတ်တွင် ပညာရှိမှ ဘဝလှမည် ဖြစ်သည်ဆိုသည်ကို စေတနာထား တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ဖြတ်တောက်ထားနိုင်

ဆက်လက်ပြီး ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့်ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ပြောကြားလိုကြောင်း၊ ယခုရက်သတ္တတစ်ပတ်အတွင်း တစ်နေ့လျှင် ပျမ်းမျှဓာတ်ခွဲနမူနာပေါင်း ၄၇၅၆ ခု စစ်ဆေးနိုင်ခဲ့ပြီး တစ်နေ့ပျမ်းမျှလူနာ ၁၁ ဦး ဖြစ်သည့်အတွက် ပိုးတွေ့နှုန်းသည် ဝ ဒသမ ၂၂ ရာခိုင်နှုန်းသာရှိကြောင်း၊ ပြည်တွင်းကူးစက်မှုတွေ့ရှိမှုက အနည်းငယ်သာရှိကြောင်း၊ ပြည်ပမှ ပြန်လာသူများ တွေ့ရှိမှုက များကြောင်း၊ အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်၏ စုစည်းထားသည့် အချက်အလက်များအရ ၂၀၂၂ ခုနှစ် ဇွန် ၂၇ ရက်တွင် မြန်မာနိုင်ငံ၏လူဦးရေ တစ်သန်းအနက် ဓာတ်ခွဲအတည်ပြု လူနာဦးရေ တစ်ဦးအောက် (ဝ ဒသမ ၁၉) ရာခိုင်နှုန်းသာ တွေ့ရှိရသည့်အတွက် မိမိတို့နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ဖြတ်တောက်ထားနိုင်သည့်အခြေအနေတွင် ရှိနေကြောင်း၊ ပြန်လည်ကောင်းမွန်လာမှု (Recovery)အနေနှင့် သုတေသနတွေ့ရှိချက်များအရ ၉၇ ရာခိုင်နှုန်းမှ ၉၉ ဒသမ ၇၅ ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံ၌ ၉၉ ဒသမ ၇၃ ရာခိုင်နှုန်းရှိသည့်အတွက် အခြားနိုင်ငံများနည်းတူ ပြန်လည်ကောင်းမွန်လာသည့်နှုန်းရှိကြောင်း၊ သို့သော် လူနာသစ်နှင့် သေဆုံးသူများ တွေ့ရှိရမှုသည် ထိုင်း၊ အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံများ၌ မြင့်မားနေလျက်ရှိကြောင်း တွေ့ရကြောင်း၊ ဒေသတွင်းနိုင်ငံအချို့ဖြစ်သည့် စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်တို့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အနည်းငယ်မြင့်တက်နေသေးကြောင်း တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပေါ့ဆ၍ မရသေးကြောင်းကို ပြောလိုပါကြောင်း ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်ပြီး ထိုးနှံပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် ဇွန် ၂၇ ရက်အထိ လူဦးရေစုစုပေါင်း ၃၅၂၆၈၂၁၈ ဦး (၃၅ သန်းကျော်) ကို ထိုးနှံပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အသက် ၁၈ နှစ်နှင့်အထက်လူဦးရေ၏ ၉၄ ဒသမ ၃ ရာခိုင်နှုန်းအထိ ကာကွယ်ဆေးလွှမ်းခြုံမှု ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများနှင့် အသက် ငါးနှစ်မှ ၁၈ နှစ်အတွင်း အခြေခံပညာကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသည့် မိဘပြည်သူများကို ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည့်အတွက် ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဝန်ကြီးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်ပြီး ကာကွယ်ဆေးကို မပျက်မကွက်ခံယူကြရန် တိုက်တွန်းနှိုးဆော်ထားရှိကြောင်း ပြောကြားသည်။

### စက်သုံးဆီနှင့်စားသုံးဆီကိစ္စရပ်များ

ဆက်လက်ပြီး စက်သုံးဆီနှင့်စားသုံးဆီကိစ္စရပ်များကို ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံ၌ ယခင်ကတည်းက ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်လာခဲ့သည့်အတွက် မိမိတို့အစိုးရ စတင်တာဝန်ယူစဉ်ကပင် သွင်းကုန်များလျှော့ချ၍ ပြည်တွင်းထုတ်ကုန်များ ဦးစားပေးဆောင်ရွက်ခဲ့သဖြင့် ကုန်သွယ်မှုပိုငွေများဖြစ်ပေါ်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေနှင့် စတင်တာဝန်ယူချိန်ကစပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် ပြည်တွင်းစီးပွားရေးကို အဓိကဦးစားပေးလုပ်ဆောင်ခြင်း၊ စားသုံးဆီနှင့် စက်သုံးဆီများ ခြိုးခြံချွေတာမှု အစီအစဉ်များပြုလုပ်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုပိုငွေများရရှိသည့် အကျိုးကျေးဇူးများရရှိခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်ရောဂါဖြစ်ပွားမှုကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများသည် မျှော်မှန်းသလောက် မရှိခဲ့ကြောင်း၊ သွင်းကုန်/ထုတ်ကုန်များသည်လည်း ပုံမှန်နှစ်များထက် နည်းပါးခဲ့ကြောင်း၊

*စာမျက်နှာ ၁၇ သို့*




သတင်းစာရှင်းလင်းပွဲတွင် ပြသထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ကျန်းမာရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ။

*စာမျက်နှာ ၁၆ မှ*

ထိုသို့သော အခက်အခဲများကြားမှ အစိုးရအနေဖြင့်ဝင်ငွေများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ သွင်းကုန်များဖြစ်သည့် စက်သုံးဆီ ချွေတာသုံးစွဲမှုနှင့် စားသုံးဆီများ လျှော့ချသုံးစွဲနိုင်မည်ဆိုလျှင် ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံခြားငွေသုံးစွဲမှုသည်လည်း လျှော့ကျလာမည်ဖြစ်ကြောင်း။

လူတစ်ဦးချင်းသည် ကျန်းမာရေးနှင့် ညီညွတ်မှုအရ တွက်ချက်လျှင် တစ်ရက်စားသုံးဆီ ၂ ဒသမ ၂၅ ကျပ်သားအထိသာ စားသုံးရမည် ဖြစ်ကြောင်း၊ ထိုနှုန်းနှင့် တစ်နိုင်ငံလုံးအတွက် ဆီလိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ခဲ့ရာ နိုင်ငံ၏ဆီထွက်ရှိမှုနှင့် လုံလောက်မှုမရှိသည့်အပြင် နေ့စဉ်တစ်ဦးချင်း ဆီစားသုံးမှုမြင့်မားနေသည်ကိုလည်း တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဆီစားသုံးမှုလျှော့ချရန်လိုသကဲ့သို့ စားသုံးဆီ ထုတ်လုပ်မှုတိုးတက်ရေးလည်း လိုအပ်မည်ဖြစ်သဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၌ ဆီထွက်သီးနှံများစိုက်ပျိုးနိုင်သည့် မြေသယံဇာတများ များစွာရှိကြောင်း၊ စိုက်ပျိုးမြေကို အပြည့်အဝ အသုံးချစိုက်ပျိုးခြင်း၊ စိုက်ဧကအားလုံးတွင် သီးထပ်သီးညှပ် စိုက်ပျိုးရေးများဖြင့် စိုက်ပျိုးပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထွက်နှုန်းများ ပိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ဈေးကွက်အခြေအနေအရ စားသုံးဆီနှင့်ပတ်သက်ပြီး ဈေးနှုန်းမြင့်တက်ခြင်းများရှိသော်လည်း အစိုးရအနေဖြင့် လုံးဝပြတ်လပ်ခြင်းမရှိအောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။

### လုံလောက်သည့်စက်သုံးဆီပမာဏတစ်ရပ် သိုလှောင်ထား

စက်သုံးဆီအနေဖြင့် စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း ကဏ္ဍတွင် နိုင်ငံတော်အနေနှင့် Supply Chain တစ်ခုလုံးကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်၏စွမ်းအင်လုံခြုံရေးကို အထောက်အကူဖြစ်စေရန် နိုင်ငံတော်အရန်ဆီများကိုပါ သိုလှောင်ထားရှိထားသည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ စက်သုံးဆီ လိုအပ်ချက်ကို ပုံမှန်ဖြည့်ဆည်းပေး၊ ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ကြောင်းနှင့် နိုင်ငံအတွင်း လုံလောက်သည့် စက်သုံးဆီပမာဏတစ်ရပ်ကို သိုလှောင်ထားရှိကြောင်း ဦးစွာအသိပေးတင်ပြလိုကြောင်း။

နိုင်ငံတော်အတွင်း စက်သုံးဆီဖူလုံမှုရှိစေရေးအတွက် ဆောင်ရွက်သည့်နေရာတွင် ပြည်တွင်းသို့စက်သုံးဆီတင်သွင်းမှုများကို စနစ်တကျ စိစစ်ခွင့်ပြုပေးနေရသည့်အပြင် နိုင်ငံတော်အနေနှင့် စက်သုံးဆီဖြန့်ဖြူးမှု ကွင်းဆက်တစ်ခုလုံး ဟန်ချက်ညီစေရေး ထိန်းညှိဆောင်ရွက်နေရသည့်အတွက် အချို့သောဒေသများ၌ ယာယီအားဖြင့် Supply-Demand မမျှတမှုမျိုးဖြစ်ပေါ်နိုင်သော်လည်း ယင်းအခက်အခဲများ လျှော့ပါးရန်အတွက် Importer ကုမ္ပဏီများနှင့် လက်လီဆိုင်များ အကြား လိုအပ်သည့် ညှိနှိုင်းဖြေရှင်းမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထိုသို့ စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း ကဏ္ဍတစ်ရပ်လုံးကို ထိရောက်စွာ ထိန်းကျောင်းကိုင်တွယ်ဆောင်ရွက်နိုင်ရန်အတွက်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အဖွဲ့ဝင် ၁၀ ဦးပါဝင်သည့် စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း၊ ဇွန်လအတွင်း၌ စက်သုံးဆီအမယ်မျိုးစုံ တင်ဆောင်လာသည့် သင်္ဘော ၁၇ စီးခန့် ရောက်ရှိခဲ့ပြီးဖြစ်သဖြင့် ပြည်တွင်းသုံးစက်သုံးဆီ လုံလောက်မှုရှိသည့် အပြင် အရန်စက်သုံးဆီပါ သိုလှောင်ထားရှိကြောင်း ပြောကြားလိုကြောင်း။

ဖြန့်ဖြူးမှုအပိုင်းအနေနှင့် သီလဝါသိုလှောင်ကန်စခန်းတွင် OSS အဖွဲ့ကို ဖွဲ့စည်းထားရှိကာ စက်သုံးဆီ လက်လီအရောင်းဆိုင်များကို အဓိကထားပြီး စဉ်ဆက်မပြတ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ ထို့ပြင် အခြားလုပ်ငန်းသုံးများအတွက် စက်သုံးဆီလိုအပ်ချက်များကိုလည်း ဦးစားပေးအစီအစဉ်အတိုင်း လက်ကားဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ယင်းသို့ ဖြန့်ဖြူးရောင်းချမှုမှာ ကော်မတီက နေ့စဉ်ထုတ်ပြန်ပေးထားသည့် လက်လီ/လက်ကား ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချပေးနေခြင်းဖြစ်ကြောင်းပြောကြား၍ ၃၀-၆-၂၀၂၂ ရက်နေ့တွင် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ လက်ရှိစက်သုံးဆီဈေးနှုန်းများကို Power Point တွင် ရှင်းလင်းပြသသည်။

### ပြည်တွင်း ပြည်ပချေးငွေများ

ဆက်လက်ပြီး ပြည်တွင်း ပြည်ပချေးငွေများအကြောင်း ပြောမည်ဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပချေးငွေရယူမှုအနေနှင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ပြည်တွင်းချေးငွေပေါင်း ငွေကျပ်ဘီလီယံ ၁၆၉၆၃ ဒသမ ၇၄၆ (တစ်သောင်းခြောက်ထောင်ကျော် ဘီလီယံ)နှင့် ပြည်ပချေးငွေပေါင်းငွေကျပ်ဘီလီယံ ၅၂၈၁ ဒသမ ၂၂၆ (ငါးထောင်ကျော်) စုစုပေါင်းငွေကျပ်ဘီလီယံ ၂၂၂၄၄ ဒသမ ၉၇၂ (နှစ်သောင်း နှစ်ထောင်ကျော်) ရှိကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ပြည်တွင်း ကြွေးမြီလက်ကျန်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုလာကြောင်း၊ ယင်းသို့ပိုမိုလာခြင်းသည် နှစ်စဉ်ပြည်ထောင်စုဘတ်ဂျက်တွင် လိုငွေများ တိုးတက်ဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်ပြီး အစိုးရငွေတိုက်လက်မှတ်များ ဈေးပြိုင်စနစ်နှင့်ရောင်းချရာတွင် ရွေးယူရမည့်ပမာဏထက် ပိုမိုရောင်းချရခြင်း၊ အစိုးရငွေတိုက်စာချုပ်များ ဈေးပြိုင်စနစ်နှင့် ရောင်းချရာတွင် ယင်းဘဏ္ဍာရေးနှစ်အတွင်း ဈေးပြိုင်စနစ်မတိုင်မီ ရောင်းချခဲ့သည့် ငွေတိုက်စာချုပ်များနှင့် ဈေးပြိုင်စနစ်နှင့်ရောင်းချခဲ့သည့် သက်တမ်းစေ့ရောက်သော ငွေတိုက်စာချုပ်များကို ပြန်လည်ရွေးနုတ်ရသည့် ပမာဏထက် ပိုမိုရောင်းချရခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေချေးယူခြင်း၏ ဖြည့်ဆည်းခဲ့ရသည့်ပမာဏများပြားလာခြင်းများကြောင့် ဖြစ်ကြောင်း။

**မြန်မာနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်းသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ တိုးတက်ခဲ့သော်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထက်ဝက်ခန့် ကျဆင်းသွားခဲ့၊ ယင်းသည် ထိုအချိန်တုန်းက လွှတ်တော်၌ တရားဝင်တင်ပြခဲ့သည့် စာရင်းများဖြစ်၊ ထို့ကြောင့် မိမိပြောကြားလိုသည်မှာ စီးပွားရေးကျသည်ဆိုခြင်းမှာ ထိုအချိန်ကတည်းက စတင်ကျဆင်းနေခြင်းဖြစ်**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (ပထမလေးလ) ကာလအထိ မြန်မာနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်းသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ တိုးတက်ခဲ့သော်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထက်ဝက်ခန့် ကျဆင်းသွားခဲ့ကြောင်း၊ ယင်းသည် ထိုအချိန်တုန်းက လွှတ်တော်၌ တရားဝင်တင်ပြခဲ့သည့် စာရင်းများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိပြောကြားလိုသည်မှာ စီးပွားရေးကျသည်ဆိုခြင်းမှာ ထိုအချိန်ကတည်းက စတင်ကျဆင်းနေခြင်းဖြစ်ကြောင်း၊ နှစ်အလိုက် ရငွေ၊ သုံးငွေနှင့် ပိုငွေလိုငွေသည်လည်း နှစ်စဉ်လိုငွေဖြစ်ပေါ်ခဲ့သည့်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လိုငွေအများဆုံး ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့သည့် လိုငွေများကို အစိုးရငွေတိုက်လက်မှတ်များ၊ အစိုးရငွေတိုက်စာချုပ်များ ရောင်းချဖြည့်ဆည်းခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေချေးယူခြင်းတို့နှင့် ဆောင်ရွက်ခဲ့ရသည်ကို တွေ့ရကြောင်း၊ အကျိုးဆက်အနေနှင့် ပြည်ပကြွေးမြီနှင့် ပြည်တွင်းကြွေးမြီ လက်ကျန်များ တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာခြင်းကြောင့် ရေရှည်တွင် ကြွေးမြီခံနိုင်ရည်ရှိမှုကို သုံးသပ်တွက်ချက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအနေနှင့် ပါဝါပွိုင့်တွင်ပြထားသည့် ချေးငွေများကို နှစ်စဉ် အတိုးအရင်း ဒေါ်လာသန်း ၇၀၀ ခန့် ပေးဆပ်နေရကြောင်း၊ ထိုသို့ကျဆင်းနေသည့် စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန်ကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် ပြည်တွင်းထုတ်ကုန်များနှင့် ပြည်တွင်းစီးပွားရေးကို အားမပေးဘဲ သွင်းကုန်ကိုသာ အဓိကထားခဲ့သည့် မူဝါဒအမှားကြောင့် ယခုကဲ့သို့စီးပွားရေး ကျဆင်းနေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေနှင့် စီးပွားရေးမြှင့်တင်မှုဆောင်ရွက်ရာတွင် ပြည်တွင်းထုတ်ကုန်နှင့် စီးပွားရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ အဓိကထုတ်ကုန်ဖြစ်သည့် စိုက်ပျိုး၊ မွေးမြူရေး ထုတ်ကုန်များကို ပိုမိုထုတ်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများ လုပ်သွားရမည်ဖြစ်ကြောင်း၊ ရရှိထားသည့် မြေ၊ ရေနှင့် လူသားအရင်းအမြစ်များကို စွမ်းအားမြှင့်တင်ပြီး အောင်မြင်အောင် ဆောင်ရွက်သွားမည်ဟု ပြောကြားသည်။

### NUG၊ PDF တို့၏ အကြမ်းဖက်ဆိုင်ရာကိစ္စရပ်များ

ဆက်လက်ပြီး တတိယအချက်အနေဖြင့် NUG၊ PDF တို့၏ အကြမ်းဖက်ဆိုင်ရာကိစ္စရပ်များနှင့် ဆက်စပ်မှုများကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ လက်ရှိ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG အဖွဲ့အမည်သည် မြန်မာလို အမျိုးသားညီညွတ်ရေးအစိုးရဟု ခေါ်ကြောင်း၊ ညီညွတ်သည်မှာ နှစ်ခုသာရှိကြောင်း၊ ပထမဆုံး ညီညွတ်သည်မှာ ပြည်ပကို ပြေးခြင်းဖြစ်ကြောင်း၊ ရရှိထားသည့်သတင်းများအရ တစ်ယောက်၊ နှစ်ယောက်မှအပ ဘယ်သူမှ ပြည်တွင်း၌ မကျန်ပါကြောင်း၊ တစ်ယောက်၊ နှစ်ယောက်ဆိုသည်မှာလည်း ၎င်းတို့ ပြောနေကျစကားဖြစ်သည့် **“ခါတ်ပုံရိုက်ချင် ပြည်တွင်းဝင်၊ ရိုက်ပြီးပြန်ထွက် တစ်မနက်”** ခရီးဆိုသည့်နိုင်ငံဘက်၌ နေကြခြင်းဖြစ်ကြောင်း၊ နောက်ထပ်ညီညွတ်သည်မှာ အလှူခံခြင်းသာဖြစ်ကြောင်း၊ ထိုနှစ်ခုမှအပ မညီညွတ်သဖြင့် အချင်းချင်းအပြန်အလှန် သတ်ဖြတ်နေခဲ့ခြင်းများရှိကြောင်း၊ ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် မိမိပြောခဲ့သည့် KNPP က သတ်ခဲ့သည့် ဆင်မကြီးဆိုသည့်ပုဂ္ဂိုလ် ကိစ္စအား ယခုအချိန်အထိ ပြောဆိုနေကြခြင်းရှိပါကြောင်း၊ စစ်ကိုင်းတိုင်းက ဗိုလ်သံမဏိဆိုသည့်ပုဂ္ဂိုလ် သတ်ဖြတ်ခဲ့သည်မှာ မည်သည့်အဖွဲ့များပါလဲ၊ ယခုလတ်တလောဖြစ်နေသည့် အပြန်အလှန်ဖမ်းကြ၊ စစ်ကြ၊ သတ်ကြဖြစ်နေသည့်အဖွဲ့များက မည်သည့်အဖွဲ့များလဲဆိုသည်ကို စဉ်းစားကြည့်စေလိုပါကြောင်း။

၎င်းတို့ အချင်းချင်းကြားတွင် ငါတို့က ပကဖ၊ မင်းတို့က PDF ၊ ငါတို့က NUG နှင့် ချိတ်ဆက်ထားတာ စသည်ဖြင့် ဖြစ်နေကြကြောင်း၊ ငါတို့က လွတ်လွတ်လပ်လပ်တိုက်တာ စသည့် အချက်အလက်များကိုလည်း ကြားသိမြင်တွေ့နေကြမည် ထင်ပါကြောင်း ပြောကြားပြီး ယင်းတို့နှင့်ပတ်သက်၍ ထိုအဖွဲ့များအချင်းချင်း ပြောကြားထားကြသည့် ဗီဒီယိုဖိုင်များကို ပြသသည်။

### ဓားပြတိုက်မှုများ ဆက်လက်ကျူးလွန်

အလှူငွေကိစ္စများတွင်လည်း အပြန်အလှန်စွပ်စွဲနေသည်မှာ မကြားချင်မှ အဆုံးဖြစ်ကြောင်း၊ ထို့ပြင် အလှူငွေကောက်မရသည့်အခါ ဓားပြတိုက်မှုများ ဆက်လက် ကျူးလွန်နေမှုများရှိကြောင်း၊ လွန်ခဲ့သည့် ခြောက်လ ခုနစ်လက EAO အဖွဲ့ခေါင်းဆောင်တစ်ယောက် ပြောကြားခဲ့ဖူးသည့် “PDF အဖွဲ့များသည် ဓားပြသာသာ ဖြစ်သွားနိုင်သည်” ဆိုသည့် စကားရှိကြောင်း၊ ထိုစကားသည် အတွေ့အကြုံအရ ပြောသည့်စကားဖြစ်ကြောင်း၊ လက်တွေ့တွင် ဖြစ်ပေါ်လျက်ရှိကြောင်း၊ ဇွန် ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ကမ္ဘောဇဘဏ်ခွဲကို ဓားပြတိုက်ခဲ့သည့်ဖြစ်စဉ်ကို သတိရမည်ဖြစ်ကြောင်း၊ ယင်းဓားပြတိုက်မှုကို သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းဖော်ထုတ်မှု လျင်လျင်မြန်မြန်ပြုလုပ်ခဲ့ကြောင်း၊ အံ့သြစရာကောင်းသည်မှာ ယင်းဓားပြအဖွဲ့သည် PDF အဖွဲ့ဖြစ်နေကြောင်း၊ ရတနာပုံတော်လှန်ရေးအမည်ခံ အကြမ်းဖက်အဖွဲ့သည် ကမ္ဘောဇဘဏ်ခွဲ (၉)ကို ဝင်ရောက်ပြီး ဘဏ်ဝန်ထမ်းများကို လက်နက်ဖြင့်ခြိမ်းခြောက်ကာ ငွေကျပ် ၄၄၉ သိန်းကို ဓားပြတိုက်ယူဆောင်သွားခဲ့သည်ကို တွေ့ရကြောင်း ပြောကြား၍ ဓားပြတိုက်မှုဖြစ်စဉ် ဗီဒီယိုဖိုင်ကို ပြသသည်။

ယင်းဖြစ်စဉ်မှ PDF အဖွဲ့ခေါင်းဆောင်မှာ ဆရာစွမ်းဆိုသည့် ထက်ရှိန်းဇော်ဖြစ်ပြီး အင်အား ၂၅ ဦးနှင့် ဖွဲ့စည်းခဲ့ကြောင်း၊ ၎င်းကို ဖမ်းဆီးခဲ့စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်ထွက်ပြေးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ဖမ်းဆီးရာ ဓားပြတိုက်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့်အတူ အသေဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းသည် PDF အဖွဲ့ခေါင်းဆောင်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၁၈ ခုနှစ်ခန့်က တပ်သားအဆင့်ဖြင့် တပ်ပြေးမှုကျူးလွန်ထားသည့် စစ်ပြေးတစ်ယောက်လည်းဖြစ်ကြောင်း၊ ဓားပြတစ်ယောက်လည်း ဖြစ်ကြောင်း၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့ဟူ၍ အမည်ခံသည့် ပြည်သူကို ဓားပြတိုက်သည့် အဖွဲ့ဖြစ်ကြောင်း၊ မည်သည့်ပြည်သူများကို ကာကွယ်နေသနည်းဟု မေးခွန်းထုတ်လိုကြောင်း၊ ထိုကဲ့သို့သော PDF အဖွဲ့များလည်း ရှိနေကြောင်း၊ ယင်း PDF ခေါင်းဆောင်သေသည့်အခါ အခြားPDF အဖွဲ့ခေါင်းဆောင်များ၊ NUGနှင့်ဆက်စပ်နေသူများက သူရဲကောင်းတစ်ယောက်သဖွယ် ရေးခဲ့၊ ပြောခဲ့၊ Post များတင်ခဲ့သည်များကို တွေ့ရှိရကြောင်း၊ ယင်းအဖွဲ့များသည် “ပုလင်းတူ ဘူးဆို့” ဓားပြအားပေးများဆိုသည်မှာ ထင်ရှားကြောင်းပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရခိုင်ပြည်နယ် ကြက်ခြေနီ သိုလှောင်ရုံနှင့် ဘက်စုံသုံးအဆောက်အအုံသစ်ဖွင့်

**စစ်တွေ ဇူလိုင် ၃**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ရခိုင်ပြည်နယ် ကြက်ခြေနီသိုလှောင်ရုံနှင့် ဘက်စုံသုံးအဆောက်အဦသစ်ဖွင့်ပွဲကို စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက်ရှိ အဆိုပါအဆောက်အအုံ၌ ဇူလိုင် ၃ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်နှင့် တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်သည်။

ပြည်နယ်ကြက်ခြေနီသိုလှောင်ရုံနှင့် ဘက်စုံသုံး အဆောက်အအုံသစ်ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်နှင့် ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထွန်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ် ကြက်ခြေနီသိုလှောင်ရုံနှင့် ဘက်စုံသုံးအဆောက်အအုံသည် ဘေးအန္တရာယ်ကျရောက်မှုကြောင့် အကူအညီ လိုအပ်နေသူ အရေးပေါ် အိမ်ထောင်စု ၁၅၀၀ ကျော်အတွက် မိသားစုအသုံးအဆောင်ပစ္စည်းများ၊ တစ်ကိုယ်ရေနှင့် ကျန်းမာရေးသုံးပစ္စည်းများ၊ အမျိုးသမီးများအတွက် အသုံးအဆောင်ပစ္စည်းများအပါအဝင် အခြားကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများကို အသင့်ထားရှိနိုင်ရန် သိုလှောင်ထားသည့် အဆောက်အုံဖြစ်ပြီး အရေးပေါ်အခြေအနေတွင် အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုးထောက်ပံ့ပေးနိုင်မည်ဖြစ်သည့်အတွက် မိမိတို့ပြည်နယ်အတွက် များစွာ အထောက်အပံ့ဖြစ်စေကြောင်း ပြောကြားသည်။

ထို့အပြင် ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ကြက်ခြေနီစေတနာ လုပ်အားရှင်များအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ရာတွင်လည်းကောင်း၊ အစည်းအဝေးများ ပြုလုပ်ရာတွင်လည်းကောင်း အသုံးပြုနိုင်ရန် သင်တန်းခန်းမနှင့် တည်းခိုဆောင်များပါ ထည့်သွင်းတည်ဆောက်ထားသည့်အတွက် စစ်တွေမြို့နယ်အတွင်းရှိ အခြားသော လူမှုပရဟိတအဖွဲ့အစည်းများအနေဖြင့် အစည်းအဝေးပြုလုပ်ရန် လည်းကောင်း၊ သင်တန်းနှင့် အခြားသော အခမ်းအနားများ ပြုလုပ်ရန်အတွက်လည်းကောင်း ကြက်ခြေနီရန်ပုံငွေ တိုးပွားစေရန် စရိတ်မျှထောက်ပံ့ငွေတစ်ရပ်အနေဖြင့် ငှားရမ်းအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။



ထို့နောက် ပြည်နယ်အစိုးရအဖွဲ့က ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် လှူဒါန်းငွေကျပ် ၂၅၆၀၀၀၀ နှင့် အလှူရှင်များ၏ လှူဒါန်းငွေများကို ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် အလှူရှင်များက လှူဒါန်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများနှင့် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ သိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

အဆိုပါအဆောက်အအုံသည် အလျား ၆၄ ဒသမ ၃ ပေ၊ အနံ ၈၂ ဒသမ ၃၅ ပေ၊ အမြင့် ၃၁ ဒသမ ၁၆ ပေရှိ RC နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ကျပ်သန်းပေါင်း ၁၂၇၈ သန်းကျော်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ သိုလှောင်ရုံ ၃၀ အနက် အဆင့်မြင့်ကောင်းမွန်သော သိုလှောင်ရုံနှင့် ဘက်စုံသုံးအဆောက်အအုံတစ်ခုဖြစ်ပြီး နယူးဇီလန်နိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပဲခူးမြို့နယ်၌ ဆားငန်ဒဏ်ခံ ဆင်းသွယ်လတ်စပါးစိုက်ပျိုးမှုသရုပ်ပြ

**ပဲခူး ဇူလိုင် ၃**

ပဲခူးမြို့နယ် စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီက ကြီးမှူး၍ ပဲခူးမြို့နယ် တွင်းခြံကျေးရွာအုပ်စုရှိ ဆားငန်ဒဏ်ခံ ဆင်းသွယ်လတ်စပါး မျိုးစေ့ထုတ် စံပြစိုက်ခင်း၌ ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးခြင်းနှင့် မျိုးစေ့ထုတ်ယူ၍ နွေစပါးစိုက်ကေများတွင် ဆက်လက်စိုက်ပျိုးမည့် အစီအစဉ် ရှင်းလင်းပွဲကို ဇူလိုင် ၂ ရက်က ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်က အမှာစကားပြောကြားပြီး အဖွဲ့ဝင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်လင်းက သရုပ်ပြစိုက်ပျိုးခြင်းနှင့် မျိုးစေ့ထုတ်ယူ၍ နွေစပါးစိုက်ကေများတွင် ဆက်လက်လုပ်ဆောင်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ကတွင်းခြံကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာမှ တောင်သူလယ်သမားများက သိလိုသည်များ မေးမြန်းကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက



ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။ ထို့နောက် ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးပြသနေမှုကို ဒေသခံတောင်သူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

**တင်စိုး(ပဲခူး)**

# အမျိုးသမီးများနေ့ အထိမ်းအမှတ် စာအုပ်စာစောင်ပြပွဲကျင်းပ

**တာမွေ ဇူလိုင် ၃**

ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် (၂၆)ကြိမ်မြောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာအုပ်စာစောင်ပြပွဲကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဇူလိုင် ၃ ရက်က ကျင်းပသည်။

ပြပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်မို့မို့အောင်က ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခန်းမအတွင်းပြသထားသော မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံ အကြောင်းအရာများ၊ အမျိုးသမီးများဘဝ လုံခြုံရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ၊ အမျိုးသမီးများ၏ အခွင့်အရေးများ၊ နိုင်ငံတော်အစိုးရက တောင်ပေါ်မြေပြန့်ခွဲခြားမှုမရှိဘဲ အမျိုးသမီးငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် စိတ်ဓာတ်မြှင့်တင်ရေးမှစ၍ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ပြုစု ပျိုးထောင်ပေးနေမှုများ စသည့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာအုပ်စာစောင်များကို တက်ရောက်လာသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။




**နိုင်လင်းအောင်(တာမွေ)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ညောင်ဦး ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာလှပစေရန်နှင့် မြို့ပြအင်္ဂါရပ်နှင့်အညီ ပြည်သူများ စနစ်တကျ အမှိုက်စွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေးအတွက် ရည်ရွယ်၍ ညောင်ဦးခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ စုပေါင်း၍ ညောင်ဦးမြို့အဝင် လေဆိပ်လမ်းဆုံမှ လေယာဉ်ကွင်းဝင်ပေါက်အထိ လမ်းဘေးတစ်လျှောက်၌ ဇူလိုင် ၂ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။ သန့်ရှင်းသာယာလှပစေရေးအတွက် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်တို့၏ ဦးဆောင်မှုဖြင့် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခွင် သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# လူငယ်နှင့် ပရဟိတ ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာနခန်းမ၌ လူငယ်နှင့် ပရဟိတခေါင်းစဉ်ဖြင့် ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၃ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှလှထွေးက အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူး စာရေးဆရာမ သူဇာလှိုင်(ရဲဝင့်သူ)က ယနေ့ခေတ်လူငယ်များ အများအကျိုးသယ်ပိုးသည့် ပရဟိတစိတ်ဓာတ်ကိုမွေးမြူရန်၊ ပရဟိတဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူး ၁၀ ချက်၊ ကိုယ်ကျိုးမကြည့်ဘဲ အများအကျိုးအတွက် ပရဟိတလုပ်ငန်းများဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များ၏ အကြောင်းများ စသည်တို့ကို ဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၇-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** ပေတ္တသုတ်၊ ရတနသုတ်၊ တောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၉:၂၀** မွေးမြူရေးရာအဖြာဖြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၁:၃၅** ကြွေလည်းဝေမြဲတမ်းတဆဲ
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၁၀၂)
**၁၃:၃၀** MRTV National News
**၁၆:၃၅** ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
**၁၇:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၇:၄၅** စစ်မှီးငြိမ်းချိန်တန်ပါပြီ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကက်ဘောအက်ဒေး'** (အပိုင်း-၂၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိမ်မက်'** (အပိုင်း-၂၄)

**mitv**

**07:01** Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
**07:10** A Happy Visit to Zoological Garden (Nay Pyi Taw)
**07:20** Attractions around Hopong Hill Station
**07:28** Lines & Wash Painting
**07:28** Halin, A Treasure Trove Of The Ancient Pyu City
**08:01** Gold: King Of All Metals
**08:32** Dengue Fever
**08:39** Myanmar Traditional Identity (EP- 4) Tumbling Doll, Pyit Tine Htaung
**08:51** Choral Dance (Duel)
**09:01** News
**09:26** Global Partnership for Brighter Future: Guinea Pavilion at Expo 2020 Dubai
**09:36** Shan Novices To Be
**09:50** Excavation at Kawhmu

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ပန်းတစ်ပွင့်ရဲ့အနာဂတ်ခရီးလမ်း

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
သာယာလှပသောကျုံ့ထော်ရေတံခွန်သို့ သွားလည်ကြရအောင်

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
တာရွှန်းရိုးရာတောင်တက်ကပွဲ

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ရှေးခေတ်ချင်း(ချိုး)တို့ရဲ့မေတ္တာမျှတေး

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်ဘာသာစကားပြောကြပါစို့(အပိုင်း-၄)

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
မြောက်ဦးဆရာတော်တရားစခန်း

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၂)

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
တောင်သုံးလုံးစက်ချုပ်ဆိုင်

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
အာလူးထောင်းကြော်

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
မိုးသားတိမ်ထုအောက်ကလှိုင်နန်းဖတောင်အလှ

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဝါးဆစ်ပူးတာလပေါ့

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၂၀** သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်စရာဥပဒေမှာ'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၀** တောင်သူအကျိုးရည်မျှော်ကိုး ဈေးနှုန်းချိုသာယူရိုးယားမြေဩဇာ
**၀၇:၀၀** ပဲမျိုးစုံစိုက်ပျိုးရေးတိုးချဲ့ပညာပေး
**၀၈:၂၅** သုတေသနပြုပါတောင်သူအတွက်စပ်မျိုးဝါ
**၀၉:၂၀** စလင်းမြို့မှ အာလူးခင်း
**၀၉:၄၅** ယာဖက်မှာနည်းပညာဘယ်ဖက်မှာစာရင်း ဖယား သေချာတဲ့မိသားစုလယ်ယာစီးပွား

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မူဆယ်မြို့ ကရုဏာစံအိမ် မိဘမဲ့ဂေဟာအတွက် လိုအပ်သော စားသောက်ကုန်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**မူဆယ် ဇူလိုင် ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ ကရုဏာစံအိမ်မိဘမဲ့ဂေဟာအတွက် ချို့တဲ့နွမ်းပါးသူများ လိုအပ်သော စားသောက်ကုန်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီက အဆိုပါ ကရုဏာစံအိမ် မိဘမဲ့ဂေဟာ(နမ့်ခွမ်)တွင် ပြုလုပ်သည်။

အဆိုပါ လှူဒါန်ခြင်းကို တာမိုးညဲမန်ဂျယ်ဌာနေ အဖွဲ့မှ ဦးကျော်ဝင်း ဇနီးဒေါ်ရန်ဖိန်းကိုင်း (သား) အောင်မင်းခန့်၊ (သမီး) သီရိရှင်းသန့်၊ သီရိသန့်စင်၊ တင်တင်အေး မိသားစုတို့က ငွေကျပ် သိန်း ၄၀ နှင့် ဆန်အိတ် ၄၀၊ ကုလားပဲ လေးအိတ်၊ ဆီ ၁၀ ဖာ၊ ပဲဆီ လေးပုံး၊ ကြက်သွန်နီ နှစ်အိတ်၊ ကြက်သွန်ဖြူအိတ်၊ ဂျုံခေါက်ဆွဲ နှစ်ဖာ၊ ပဲကြာဆံ တစ်အိတ်နှင့် အသားတုအိတ်များကို ပေးအပ်လှူဒါန်းဒါနပြုရာ ကရုဏာစံအိမ် မိဘမဲ့ဂေဟာမှ ဂေဟာတာဝန်ခံ ဦးကပ်တပ်ပြန်၊ ဦးအယ်လ်စိုးထန်တူး (Lsoe) နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ **(အပေါ်ပုံ)** ထို့နောက် ကရုဏာစံအိမ် မိဘမဲ့ဂေဟာမှ တာဝန်ရှိသူများက အလှူရှင် မိသားစုများအား ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**




## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၃**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၅ ဒသမ ၅၉ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၄၆ လက်မ၊ ပေါက်တောမြို့တွင် ၂ ဒသမ ၉၈ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၇၁ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ စစ်တွေမြို့နှင့် ပေါင်မြို့တို့တွင် ၂ ဒသမ ၂၀ လက်မစီ၊ ရမ်းဗြဲမြို့တွင် ၂ ဒသမ ၁၆ လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၁၃ လက်မ နှင့် ပြင်ဦးလွင်မြို့တွင် ၂ ဒသမ ၀၉ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၇-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၆၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၆၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၆၀ ကျပ် | ၂၅၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၉၅ ကျပ် | ၂၂၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၈၅ ကျပ် | ၂၃၃၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၅ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၇ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၁ . ၉၃၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၆၃ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၉ . ၇၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၆ . ၂၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၄၁၀ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၄၀၀ | ၇၄၀၀ | ၁၄၂ | ၁၀၅၀၈၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၃၆၄၀ | ၉၆၄၆၀၀၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၅ | ၃၆၅၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၅၀ | ၂၅၀၀ | ၄၃၅ | ၁၀၉၅၆၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၁ | ၂၆၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လူမှုဘဝနှင့်လုပ်ငန်းအောင်မြင်ရေးအတွက် စစ်ဆေးမှုလိုအပ်ခြင်း

ငြိမ်းချမ်းမေ

**လုပ်ငန်းအဖွဲ့အစည်းအသီးသီးတို့သည် မိမိတို့၏ ရည်မှန်းချက်များကို အောင်မြင်အောင် ဆောင်ရွက်စေရေးအတွက် အဖွဲ့အစည်းအမျိုးမျိုးတို့ကို စည်းရုံးဖွဲ့စည်းထားကြပါသည်။ မည်သည့်အလုပ်ရှိ မည်သည့်အချက်ကို စီမံခန့်ခွဲသည်ဖြစ်စေ စနစ်တကျ စီမံခန့်ခွဲရာ၌ အစီအစဉ်များပြုလုပ်ခြင်း၊ စည်းရုံးဖွဲ့စည်းခြင်း၊ လက်တွေ့စစ်ဆေးဆောင်ရွက်ခြင်းနှင့် ထိန်းသိမ်းကွပ်ကဲခြင်းတို့ ရှိကြပါသည်။ မည်သည့်လုပ်ငန်းအဖွဲ့အစည်းတွင်ရှိသည့် အကြီးအကဲမဆို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို ဦးစွာဆောင်ရွက်ထားရန် လိုအပ်ပါသည်။**



ဦးစွာပထမ လိုလားချက်များအနေဖြင့် မိမိတို့ဘာကိုလိုချင်သည်၊ နောက်ဆုံးအနာဂတ်ကာလတွင် ရောက်ရှိရမည့်နေရာ၊ ရရှိရမည့်အကျိုးသက်ရောက်မှု၊ ဘဝ၏အောင်မြင်ရေးနှင့် ချိန်ဆပြီး လုပ်ငန်းခွင်တစ်ခုလုံးစစ်ဆေးမှုဖြင့် ခံစားရရှိမည့်ရလဒ်တို့ကို ကြိုတင်ရည်မှန်းချက်ထားရှိရန် လိုပါသည်။

**စီမံကိန်းများရေးဆွဲ၍ စစ်ဆေးခြင်း**

မိမိတို့လုပ်ငန်းအဖွဲ့အစည်းများ၏ ရည်မှန်းချက်များကို သိရှိပြီးနောက် ဆောင်ရွက်ရန်အချက်မှာ ထိုရည်မှန်းချက်များကို ရရှိစေရေးအတွက် လုပ်ကိုင်ရန် စီမံကိန်းများရေးဆွဲရေးပင်ဖြစ်ပါသည်။ စီမံကိန်းများရေးဆွဲရာ၌ လက်ရှိအဖြစ်မှန်၊ ပကတိအခြေအနေအပေါ်တွင်သာ အခြေခံ၍ ရေးဆွဲရပါမည်။ ဖြစ်စေလိုသောဆန္ဒများ၊ စိတ်ကူးစိတ်သန်းများအပေါ် အခြေခံပြီး ရေးဆွဲ၍မရနိုင်ပေ။ စီမံကိန်းများရေးဆွဲခြင်းသည် အလုပ်များကို လက်တွေ့လုပ်ကိုင်အကောင်အထည်ဖော်သကဲ့သို့ပင် အရေးကြီးသောလုပ်ငန်းရပ်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ဆောင်ရွက်ချက်အားလုံးတို့မှာ စည်းကမ်းတကျဖြစ်စေမည်ဖြစ်သည်။ အဓိပ္ပာယ်ရှိစေပါမည်။ ကြိုးစားဆောင်ရွက်သမျှ လုပ်ငန်းအားလုံးကို စစ်ဆေးခြင်းဖြင့် စည်းမဲ့ကမ်းမဲ့ ပရမ်းပတာမဖြစ်ဘဲ လုပ်ငန်း၏ရည်မှန်းချက်ကို သတ်မှတ်ထားသည့် အချိန်အတွင်း အခက်အခဲမရှိဘဲ အောင်မြင်စွာ ရောက်ရှိမည် ဖြစ်ပါသည်။

ခေတ်ကာလသည် တစ်နေ့တခြား ပြောင်းလဲတိုးတက်နေသည့်အလျောက် လူနေမှုဘဝနှင့် လုပ်ငန်းအဖွဲ့အစည်း အားလုံးသည်လည်း မျက်ခြည်မပြတ် အမြဲတစေ အမီလိုက်၍ နေရပါသည်။ လုပ်ငန်းအဖွဲ့အစည်းများ ကြီးပွားတိုးတက်အောင်မြင်ချက်များ ရရှိနိုင်ရန် တာဝန်အရှိဆုံးပုဂ္ဂိုလ်မှာ အဖွဲ့အစည်း၏ခေါင်းဆောင် ဦးဆောင်သူပင် ဖြစ်သည်။ ခေါင်းဆောင်သည် စီမံခန့်ခွဲမှုပညာ ကျေညက်နေရန် လိုအပ်ပြီး မိမိအဖွဲ့အစည်း၏ လုပ်ငန်းခွင်ဆိုင်ရာများကို လိမ္မာပါးနပ်စွာဖြင့် ကျင့်သုံးမှသာလျှင် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်မည်။

အလုပ်ခွင်တွင် လူသာပဓာန အဓိကဟူသော သဘောတရားကို သဘောပေါက်အသုံးချတတ်ရန် လိုအပ်ပေသည်။ အလုပ်ခွင်၌ လူမှန်နေရာမှန် တာဝန်ချထားရေး၊ အဖွဲ့သားများ စိတ်ဓာတ်တက်ကြွစေရေး၊ ညွှန်ကြားချက်နှင့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ရေး၊ လုပ်ငန်းခွင်သာယာပျော်ရွှင်စေရေးတို့အတွက် လိမ္မာပါးနပ်စွာဖြင့် စစ်ဆေးမှုများ ပြုလုပ်ရပေမည်။ လုပ်ငန်းအဖွဲ့အစည်း၏ ဖြစ်ပေါ်လာသော လုပ်ငန်းကိစ္စအားလုံးကို တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် စစ်ဆေးခြင်းပြုလုပ်ပြီး ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါက ခေါင်းဆောင်မှုအကြီးအကဲ၏ ဦးဆောင်မှုဖြင့် အလုပ်ခွင်အတွင်း လူမှုရေးရာဆက်ဆံမှုအဖြာဖြာ ပြေလည်၍ ချောမောပြေပြစ်အောင်မြင်မည် ဖြစ်ပါသည်။

**မှန်ကန်သော ဆင်ခြင်တုံတရားဖြင့် စစ်ဆေးမှုစွမ်းအား**

လူသည် ဆင်ခြင်တုံတရားနှင့်အညီ နေထိုင်ရှင်သန်သော သတ္တဝါဖြစ်သည်ဟူ၍ ရှေးဟောင်းဂရိဒဿနပညာရှင်ကြီး အရစ္စတိုတယ်လ်က လူသားကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့ဖူးပါသည်။ ဤအဆိုအမိန့် မည်မျှမှန်ကန်ကြောင်း လက်ရှိလူ့ဘောင်အဖွဲ့အစည်း၏ စာပေယဉ်ကျေးမှု၊ အတွေးအခေါ်နှင့် သိပ္ပံနည်းပညာဆိုင်ရာများ အံ့မခန်းတိုးတက်လာခြင်းက သက်သေပြနေပါသည်။ လူသားတို့သည် အခြားသော သတ္တဝါများကဲ့သို့ အစွယ်၊ လက်သည်း၊ နှုတ်သီး၊ တောင်ပံများ မရှိသော်လည်း ဆင်ခြင်စဉ်းစားတတ်သော အဆင့်မြင့်ဦးနှောက်ကို ရရှိပိုင်ဆိုင်ခဲ့ကြရသောကြောင့် ကမ္ဘာမြေကို စိုးမိုးချုပ်ကိုင်နိုင်သော သတ္တဝါမျိုးစိတ်တစ်ခု ဖြစ်လာခဲ့သည်။ လူသားတို့သည် အတွေ့အကြုံမှ ရရှိလာသော အချက်အလက်များကို ဆင်ခြင်ခြင်းအားဖြင့် ရေတွက်ခြင်း၊ အမျိုးအစားခွဲခြင်း၊ နှိုင်းယှဉ်ခြင်း၊ ပေါင်းစပ်ခြင်း၊ စစ်ဆေးခြင်း၊ ဆက်သွယ်တည်ဆောက်ခြင်းတို့ကို ပြုလုပ်၍ သဘာဝလောကဓာတ်ကြီးကို စေစားနိုင်ခဲ့ကြသည်။ ထိုမျှမကသေး ဘာသာစကားနှင့် ဆက်သွယ်ရေးသင်္ကေတစနစ်များ၊ အနုပညာများကိုလည်း ဖန်တီးတည်ဆောက်၍ လူသားတို့၏ အဆင့်မြင့်မားသော ယဉ်ကျေးမှုအစဉ်အလာများကို ပျိုးထောင်နိုင်ခဲ့ကြပေသည်။

**❍ ပြဿနာများကို မဖြစ်ပွားမီ ကြိုတင်သိရှိနိုင်ရေး၊ မိမိတို့၏ လုပ်ငန်းနှင့် ပတ်သက်၍အခြေအနေမှန်များကို သိရှိထားစေရေးအတွက် ခေါင်းဆောင်မှုပြုသူတို့သည် မိမိတို့လုပ်ငန်းအဖွဲ့အစည်းတွင် အခါအားလျော်စွာ စစ်ဆေးမှုများကို ပြုနေရမည်ဖြစ်ပါသည်။ လုပ်ငန်းအောင်မြင်ရေး၊ စနစ်ကျစေရေးအတွက် စစ်ဆေးမှုလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ရမည် ဖြစ်ပါသည်။ စစ်ဆေးဆောင်ရွက်ခြင်းသည် မိမိလုပ်ငန်းအောင်မြင်ခြင်း ရလဒ်၏အတိမ်အနက်ကို ပို၍ပေါ်လွင်စေပါသည်။**

**❍ စစ်ဆေးခြင်းလုပ်ငန်းကြောင့် လုပ်ငန်းခွင်အတွင်းရှိ လုပ်ငန်းတစ်ခုချင်း၏ ထူးခြားသောအခြေအနေများကို သိရှိနိုင်ပေသည်။**

လူသားအန္တရာယ်တစ်ရပ်လုံးကို အကျိုးပြုခဲ့သော ဆင်ခြင်ခြင်းစွမ်းအားနှင့် စစ်ဆေးဝေဖန်သုံးသပ်တတ်ခြင်းသဘောသည် လူသားတစ်ဦးချင်းစီအတွက်လည်း ဘဝလမ်းညွှန်ပုံထိန်းသဘောမျိုး ဖြစ်စေခဲ့သည်မှာအမှန်ပင်ဖြစ်သည်။ နေ့စဉ်ဘဝနှင့် လုပ်ငန်းခွင်ဘဝတို့တွင် လူတို့သည် အစဉ်မပြတ် ဆုံးဖြတ်ချက်များကို ချမှတ်နေကြရသည်။ ဘဝအတွက် အရေးပါသောရွေးချယ်မှုများကို လုပ်ဆောင်နေကြရသည်မှာ လက်တွေ့ အရှိတရားတစ်ခု ဖြစ်သည်။ စစ်ဆေး တွေးတော စဉ်းစားတတ်သည့် အရည်အချင်းကို လေ့လာဖြည့်ကျင့် ဆည်းပူးထားသူသည် ဘဝအတွက် လုပ်ငန်းအတွက် မှန်ကန်သော ဆုံးဖြတ်ချက်ကို ချမှတ်နိုင်သကဲ့သို့ အကျိုးသက်ရောက်မှုကောင်းသော ရွေးချယ်မှုများကိုလည်း လုပ်ဆောင်နိုင်မည်ဖြစ်သည်။

လူသား၏ ရုပ်ကိုယ်ခန္ဓာ ကျန်းမာရေးကို ရောဂါပိုးမွှားတို့က အနှောင့်အယှက်ပေးနေသကဲ့သို့ လူ၏ ဆင်ခြင်ခြင်းကိုလည်း ဒုက္ခပေးနေသော ဆင်ခြင်မှားများ ဘက်လိုက်အစွဲများကို သတိပြုရှောင်ရှားနိုင်ရန်လိုသည်။ လူသည် ဆင်ခြင်တတ်သော သတ္တဝါဖြစ်သော်လည်း မွေးရာပါ လောဘ၊ ဒေါသ၊ မောဟ စသည့် အချစ်အမုန်း အမိုက်အစွဲများက ဆင်ခြင်မှုကို မှုန်ဝါးအောင် နောက်ကျိရှုပ်ထွေးအောင် ပူးကပ်ဖျက်ဆီးတတ်ကြသောကြောင့် ဆင်ခြင်မှားအတွေးတို့၏သဘောကို နားလည်ခြင်းအားဖြင့် မိမိတို့၏ စစ်ဆေးဆင်ခြင်ခြင်းကို ပိုမိုထက်မြက်စေမည်ဖြစ်ပေသည်။

ပညာသင်ယူနေဆဲ ကျောင်းသား ကျောင်းသူဖြစ်စေ၊ လုပ်ငန်းခွင်ဝင်ရောက်နေသည့် ဝန်ထမ်းသို့မဟုတ် စီးပွားရေးလုပ်ငန်းရှင်ဖြစ်စေ၊ နိုင်ငံရေးနယ်ပယ်၌ ဟောပြောစည်းရုံးခြင်းအားဖြင့် တိုင်းပြည်အကျိုးကို ဆောင်ရွက်နေသည့် နိုင်ငံရေးသမားဖြစ်စေ၊ သတင်းမီဒီယာအလုပ်ဖြင့် အများပြည်သူကို အသိအမြင်ဖွင့်ပေးသည့် စာနယ်ဇင်းသမားဖြစ်စေ၊ မှန်ကန်သော စစ်ဆေးတွေးခေါ်စဉ်းစားခြင်းတည်းဟူသော လက်နက်နှင့် မကင်းနိုင်သဖြင့် သေချာစွာအသုံးပြု၍ လူ့ရွာကောင်းကျိုး တိုးတက်အောင် ကြံဆောင်သင့်ပေသည်။

**စည်းကမ်းထိန်းသိမ်းရေးနှင့် စစ်ဆေးမှုအားကောင်းချက်**

လူမှုဘဝနှင့် လုပ်ငန်းခွင်အဖွဲ့အစည်း အောင်မြင်ရေးအတွက် အခြေခံ ဥပဒေသသုံးချက်ကို လက်တွေ့ကျင့်သုံးကြရပေမည်။ ယင်းတို့မှာ (၁) မှန်ရမည် ၊ (၂) မြန်ရမည်၊ (၃)ထိရောက်ရမည် ဖြစ်သည်။

မှန်ကန်အောင်လုပ်ဆောင်ရန်မှာ အထပ်ထပ်စစ်ဆေး၍ အမှားမပါအောင် စီမံ၊ တည်းဖြတ်၊ ပြုပြင်တတ်ရသည်။ အမှန်အမှား၊ အကောင်းအဆိုး၊ အကျိုးအပြစ် ခွဲခြားစိစစ်တတ်ရမည်။

မြန်ဆန်အောင်လုပ်ဆောင်ရန်မှာ နိုးကြားရမည်၊ အစဉ်အသင့်ရှိရမည်၊ ကြိုတင်မျှော်တွေးထားရမည်၊ ဦးစွာအသင့်ပြင်စီမံထားရမည်၊ လုပ်ငန်းကျွမ်းကျင်ရမည်၊ ဆက်သွယ်မှုကောင်းရမည်၊ ပူးပေါင်းဆောင်ရွက်မှု အံကျရမည်၊ အချိတ်အဆက်မိရမည်၊ သွက်လက်သန်မာရမည်၊ ကြံ့ခိုင်မှု အားကောင်းရမည်၊ အသုံးပြုသော ကိရိယာပစ္စည်းများလည်း ခေတ်မီနေရမည်။

ထိရောက်အောင်လုပ်ရန်မှာ မိမိ၏လုပ်ဆောင်ချက်နှင့် အသင်းအဖွဲ့၏ စွမ်းအား၊ အရည်အချင်း၊ အရည်အသွေးက အရေးကြီးပေသည်။ လုပ်ငန်းကျွမ်းကျင်ရမည်၊ လုပ်ချင်ကိုင်ချင်စိတ် ထက်သန်ရမည်၊ စည်းလုံးညီညွတ်ကြရမည်၊ မိမိ၏ အလုပ်အပေါ် ချစ်မြတ်နိုးပြီး ရိုသေတန်ဖိုးထားတတ်ရမည်၊ ယုံကြည်ချက်ရှိရမည်၊ ခံယူချက်ကောင်းရမည်၊ အထက်အောက် ဘေးဘယ်ညာဆက်ဆံမှု၊ ထိတွေ့မှုကောင်းရမည်၊ စည်းရုံးနိုင်စွမ်းရှိရမည်၊ ခေါင်းဆောင်မှု အရည်အသွေးထက်မြက် ပြည့်ဝရမည် စသည်တို့ကိုလည်း စဉ်ဆက်မပြတ် စစ်ဆေးမှု ပြုလုပ်နေရမည်။

လုပ်ငန်းအဖွဲ့အစည်း အသီးသီးကို ဥပဒေများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများဖြင့် ဖွဲ့စည်းတည်ထောင်ထားပါသည်။ ယင်း ဥပဒေ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ အားလုံးတို့သည် “စည်းကမ်း” များပင် ဖြစ်သည်။ ယင်းစည်းကမ်းများကို အဖွဲ့သားတစ်ဦးချင်းမှသည် အဖွဲ့အစည်းကြီးတစ်ခုလုံးက လိုက်နာဆောင်ရွက်ပါမှ ကြီးပွားတိုးတက် အောင်မြင်ချက်များကို ရရှိမည်ဖြစ်သည်။ ထို့ကြောင့် အဖွဲ့သားတစ်ဦးချင်း၏ စည်းကမ်းလိုက်နာမှုသည် အဖွဲ့အစည်းကြီးတစ်ခုလုံး၏ အကျိုးမှသည်

*စာမျက်နှာ ၂၁ သို့*

# ကျွမ်းကျင်မှုလေ့ကျင့်ရေးကျောင်း(ဘားအံ)၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်

**ဘားအံ ဇူလိုင် ၃**

ကရင်ပြည်နယ်အစိုးရအဖွဲ့ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်းဖွင့်ပွဲနှင့် ဂုဏ်ပြုဆု ဂဟေဆက် သင်တန်းဆင်းပွဲကို ဇူလိုင် ၁ ရက်က အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မိမိတတ်ကျွမ်းသည့် ပညာရပ်များဖြင့် မိမိဒေသအကျိုး၊ မိမိရပ်ရွာအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဂဟေဆက် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်က သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ ဂဟေဆက်သင်တန်း၌ သင်တန်းသား သင်တန်းသူ ၂၇ ဦး သင်တန်းဆင်းခဲ့ကြသည်။ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်း၌ သင်တန်းသား ၂၀ က ဇူလိုင် ၁ ရက်မှ ၂၉ ရက် အထိ တက်ရောက်ကြမည်ဖြစ်သည်။ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (ဃာပုံ) **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၇-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၇၇၅ |
| 95 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၀ | ၂၂၈၅ | ၂၃၀၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၀ | ၂၂၅၀ | ၂၂၅၅ | ၂၄၇၅ | ၂၈၃၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၅ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၁၅ | ၂၇၃၅ | ၃၀၃၀ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၀ | ၂၅၄၅ | ၂၅၄၅ | ၂၇၆၅ | ၃၀၆၀ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၀ | ၂၅၄၅ | ၂၅၄၅ | ၂၇၆၅ | ၃၀၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၅၈ | ၂၀၃၁ |
| 95 Ron | ၂၀၆၇ | ၂၁၄၂ |
| HSD (500 ppm) | ၂၃၂၂ | ၂၃၉၈ |
| HSD (50 ppm) | ၂၃၄၉ | ၂၄၂၆ |
| HSD (10 ppm) | ၂၃၄၉ | ၂၄၂၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

*စာမျက်နှာ ၂၀ မှ*

နိုင်ငံတော်အကျိုးကိုပါ ဖြစ်စေပါသည်။ နိုင်ငံတော်က ချမှတ်ပေးထားသော စီမံကိန်းများ အောင်မြင်ရေးကို အထောက်အကူပြုစေပါသည်။ သို့ပါ၍ အဖွဲ့သား တစ်ဦးချင်း၏ စည်းကမ်းထိန်းသိမ်းရေးကို စစ်ဆေး ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့်ချီ၍ အရေးပါလှပါသည်။

စည်းကမ်းဖောက်ဖျက်ခြင်းသည် အဖွဲ့သား၏ မရိုးသားမှု၊ တမင်ဖောက်ဖျက်မှုကြောင့် မဟုတ်ဘဲ အယူအဆလွဲမှားမှု၊ လက်နက်ပစ္စည်းကိရိယာများ၏ ချွတ်ယွင်းမှု၊ စည်းကမ်းကို တကယ်လက်တွေ့လိုက်နာရန်မဖြစ်နိုင်မှု၊ ညွှန်ကြားချက်များ မပြည့်စုံမှုစသောအချက်များကြောင့် ဖြစ်ပါမူ အခြားပြုပြင်သင့်သည်များကို ပြုပြင်ပေးရန် ချက်ချင်းစစ်ဆေးခြင်းကို ပြုလုပ်သင့်ပေသည်။ ထို့ကြောင့် မည်သည့်လုပ်ငန်းမဆို စစ်ဆေးခြင်း(Check) လုပ်ငန်းကို အပတ်စဉ်(Weekly) စစ်ဆေးခြင်းနှင့် လုပ်ငန်းအနှစ်ချုပ်ဟု ဆိုရမည့် နှစ်စဉ် (Annual) စစ်ဆေးခြင်းတို့သည် မှန်ကန်ကောင်းမွန်သော နည်းစနစ်အလေ့အကျင့်များ ဖြစ်သည့်အပြင် နေ့စဉ် လူမှုဘဝတိုးတက်ရေးကိုပါ များစွာအထောက်အကူဖြစ်စေပါသည်။

### စစ်ဆေးမှုဖြင့်အောင်မြင်ခြင်း ရလဒ်များ၏ အတိမ်အနက်

လုပ်ငန်းတစ်ခုအောင်မြင်တိုးတက်မှု ရရှိအောင် ခေါင်းဆောင်မှုပြုလုပ်သည့် အကြီးအကဲသည် မိမိတို့၏ အဖွဲ့အစည်းအတွင်း လုပ်ငန်းအောင်မြင်ရေးအတွက် တာဝန်ယူထားရသူဖြစ်ပေသည်။ အဖွဲ့အစည်းကို ကိုယ်စားပြုကာ တာဝန်ယူမှု၊ တာဝန်ခံမှု အဖွဲ့သားတစ်ဦးချင်း၏ ဆောင်ရွက်သမျှ ကိစ္စအဝဝကို စစ်ဆေးခြင်းဖြင့် အချိန်ပြည့် တာဝန်ယူထားရသူဖြစ်ပေသည်။ သို့ဖြစ်ရာ ပြဿနာများကို မဖြစ်ပွားမီကြိုတင်သိရှိနိုင်ရေး၊ မိမိတို့၏ လုပ်ငန်းနှင့်ပတ်သက်၍ အခြေအနေမှန်များကို သိရှိထားစေရေးအတွက် ခေါင်းဆောင်မှုပြုသူတို့သည် မိမိတို့လုပ်ငန်းအဖွဲ့အစည်းတွင် အခါအားလျော်စွာစစ်ဆေးမှုများကို ပြုနေရမည်ဖြစ်ပါသည်။ လုပ်ငန်းအောင်မြင်ရေး၊ စနစ်ကျစေရေးအတွက် စစ်ဆေးမှုလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ရမည် ဖြစ်ပါသည်။ စစ်ဆေးဆောင်ရွက်ခြင်းသည် မိမိလုပ်ငန်းအောင်မြင်ခြင်းရလဒ်၏ အတိမ်အနက်ကို ပို၍ပေါ်လွင်စေပါသည်။

စစ်ဆေးခြင်းလုပ်ငန်းကြောင့် လုပ်ငန်းခွင်အတွင်းရှိ လုပ်ငန်းတစ်ခုချင်း၏ ထူးခြားသောအခြေအနေများကို သိရှိနိုင်ပေသည်။ စစ်ဆေးမှုအကျိုးရလဒ်ကြောင့် မည်သည့်နေရာတွင် မည်သည့်အချိန်က မည်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည်၊ ဆောင်ရွက်ထားရှိပြီးဖြစ်သည်ကို သိထားနိုင်မည်ဖြစ်သည်။ စစ်ဆေးမှုလုပ်ငန်းကို ခေါင်းဆောင်မှုပြုသူနှင့်အတူ တာဝန်ခွဲဝေယူ၍ လုပ်ငန်းဆောင်ရွက်ချက်များကို စစ်ဆေးဆောင်ရွက်ပါက တာဝန်ယူစစ်ဆေးခြင်း ခွဲဝေထားမှုကြောင့် လုပ်ငန်းပို၍ ထိရောက်အောင်မြင်နိုင်ပါသည်။

လူမှုဘဝတွင် အချိန်နှင့်အမျှ လုပ်ငန်းအောင်မြင်တိုးတက်ရေးအတွက် လုပ်ဆောင်ထားသမျှအရာအားလုံးကို စစ်ဆေးမှုပြုနေရန် လိုအပ်လှပါသည်။ သို့မှသာ စစ်ဆေးမှုကြောင့် အခက်အခဲများ၊ ထူးခြားသည့်အခြေအနေများ ပေါ်ပေါက်လာသည်ကိုလည်း ကြုံတွေ့ရမည်ဖြစ်သည်။ မိမိ၏စွမ်းဆောင်ချက်များ၊ လုပ်ငန်းအဖွဲ့အစည်းတစ်ခုလုံး၏ ရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ရေရှည်အောင်မြင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ဆေးမှုပြုခြင်းလုပ်ငန်းသည် ကျောရိုးပမာ အရေးပါသောလုပ်ငန်းဆောင်ရွက်ချက်တစ်ခု ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**ကိုးကား -**

(၁) **စိစစ်ခွဲခြား စဉ်းစားခြင်း (စာရေးဆရာ ကျော်လင်းတူ)**

(၂) **အရာရှိလက်စွဲ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

(၃) **အကြီးအကဲလက်စွဲ အမျိုးသားစာပေဆုရ ဦးမောင်မောင် (BA, BL , D.M.A)**

# ရှမ်းပြည်နယ် ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အစည်းအဝေးကျင်းပ

**တောင်ကြီး ဇူလိုင် ၃**

ရှမ်းပြည်နယ် ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ အမှတ်စဉ်(၁/၂၀၂၂) အစည်းအဝေးကို ဇူလိုင် ၁ ရက်က တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့်ပတ်သက်၍ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်နှင့် တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများတွင် အသိပညာပေးဟောပြောရန်၊ မိမိတို့ကော်မတီအဖွဲ့များကလည်း လုပ်ငန်းစီမံချက်များချမှတ်ဆောင်ရွက်ကာ မိမိတို့ကိုယ်တိုင် စည်းကမ်းလိုက်နာရန်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ပညာပေးကဏ္ဍများကို ဝန်ထမ်း၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ ပိုမိုသိရှိအောင် အသိပညာပေးဟောပြောကြရန် ပြောကြားသည်။

ထို့နောက် ကောင်စီဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် တင်ကိုကိုနှင့် ကောင်စီအတွင်းရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ဟန်က ရှမ်းပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြကာ တက်ရောက်လာသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက အထွေထွေဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

# မြစ်ကြီးနားမြို့၌ တရုတ်စကားပြော အခြေခံသင်တန်းဖွင့်

**မြစ်ကြီးနား ဇူလိုင် ၃**



ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကချင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် ယူချိန်တရုတ်ဗုဒ္ဓဘာသာ ယဉ်ကျေးမှုကျောင်းတို့ ပူးပေါင်း၍ လူငယ်လူရွယ်များအတွက် တရုတ်စကားပြော အခြေခံသင်တန်းဖွင့်ပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို မြစ်ကြီးနားမြို့ မြို့မရပ်ကွက်ရှိ လူထုအခြေပြုဗဟိုဌာန၌ ဇူလိုင် ၂ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့၏ မိရိုးဖလာဘာသာစကား၊ စာပေ တတ်မြောက်ထားရုံတင်မကဘဲ အခြားဘာသာစကား တတ်မြောက်ကျွမ်းကျင်ပါက လူမှုနယ်ပယ်တွင် တိုးတက်အောင်မြင်စေနိုင်သည့် အထောက်အပံ့တစ်ခုဖြစ်သည့်အတွက် ယခုတရုတ်စကားပြောသင်တန်းတွင် ကြိုးစားလေ့လာသင်ယူကြစေလိုကြောင်း၊ ထို့အပြင် ကျောင်းသားလူငယ်များနှင့် စကားဝိုင်းကိုလည်း ကျင်းပမည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အထများ တိုးတက်ရရှိစေနိုင်သည့်အတွက် ပါဝင်ဆွေးနွေးကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှငွေးက ပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တရုတ်စကားပြောအခြေခံသင်တန်းကို သင်တန်းသား ၃၀ ဖြင့် တစ်လကြာ ဖွင့်လှစ်ခြင်းနှင့် လူငယ်စကားဝိုင်းကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က တရုတ်စကားပြောသင်တန်းနည်းပြ ဆရာ ဆရာမများအား ထောက်ပံ့ငွေများနှင့် ပြည်သူ့စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကာ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

# စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**တောင်ကြီး ဇူလိုင် ၃**

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ကြီးမှူး၍ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ဇူလိုင် ၂ ရက်နှင့် ၃ ရက်က ကျင်းပသည်။



စာချုပ်စာတမ်း မှတ်ပုံတင်လုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေကြသည့် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအနေဖြင့် ၂၀၁၈ ခုနှစ် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လုပ်ထုံးလုပ်နည်းများ၊ လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို လေ့လာသိရှိနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲတွင် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အမှာစကား ပြောကြားကာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများက ဦးဆောင်ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူ ဝန်ထမ်းများက အပြန်အလှန် ဆွေးနွေးခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ် မြို့ရုံးများမှ ဝန်ထမ်းများက တက်ရောက်ဆွေးနွေးကာ ကယားပြည်နယ်အတွင်းမှ ဝန်ထမ်းများကလည်း Video Conferencing စနစ်ဖြင့် တက်ရောက်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A–1 ဧရိယာ တွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Diving Support Vessels, LICHTENSTEIN ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၁.၁၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၄.၃၄၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၂.၇၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၇.၂၀၂ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၂.၇၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၉.၁၅၉ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၁.၁၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၆.၉၈၈ စက္ကန့် တို့အတွင်းတွင် ၂၀၂၂ ခုနှစ် ဇူလိုင် ၆ ရက်မှ ၂၀၂၂ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် အမှတ်၊ A–1 ဧရိယာတွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Diving Support Vessels, LICHTENSTEIN ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**



# ညောင်လေးပင်မြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ရုံးသစ်ဖွင့်

**ညောင်လေးပင် ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညောင်လေးပင်ခရိုင်ရုံး ဖွင့်ပွဲနှင့် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ တွေ့ဆုံမိတ်ဆက်ပွဲကို ဇူလိုင် ၁ ရက်က ကျင်းပသည်။

ခရိုင်ရုံးဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သံဃာတော်အရှင်သူမြတ်များအား ဆွမ်းနှင့်ဝတ္ထုပစ္စည်းများ ကပ်လှူပြီးနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် ညောင်လေးပင်၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ရွှေကျင်၊ ကျောက်ကြီးမြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မိတ်ဆက်စကားများ ပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ခရိုင်ရုံးသစ် စတင်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**နေလင်း(ညောင်လေးပင်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးခန္တီဘုရား စောင်းတန်းလမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

မော်လမြိုင် ဇူလိုင် ၃

**မော်လမြိုင်မြို့ ဦးခန္တီဘုရား စောင်းတန်းလမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဇူလိုင် ၂ ရက်က ဆောင်ရွက်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။**



အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်၊ လူမှုရေးအသင်းအဖွဲ့များ၊ NGO များ၊ ဒေသခံပြည်သူများသည် ဦးခန္တီဘုရားကြီး တောင်ရိုးတန်းလမ်းတစ်လျှောက် သစ်ပင်ချုံနွယ်ပိတ်ပေါင်းများ၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ကောက်ယူရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများရှင်းလင်းခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်ကြီးများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဝန်ထမ်းများက ခုတ်ထွင်ရှင်းလင်းဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က မော်လမြိုင်မြို့နယ် တောင်ရိုးတန်းလမ်းသည် အများပြည်သူများ စိတ်အပန်းဖြေ လာရောက်သည့် နေရာဒေသဖြစ်ကြောင်း၊ ဘုရားဖူးပြည်သူများ လာရောက်လည်ပတ်သည့်စေတီ၊ ပုထိုးများ စုံရာနေရာဖြစ်ခြင်း၊ ကျန်းမာရေးလိုက်စားသူများ အနေဖြင့် ကိုယ်လက်လှုပ်ရှားအားကစားများ ဆောင်ရွက်ခြင်း၊ တောင်ရိုးတန်းလမ်းတစ်လျှောက် လမ်းလျှောက်ခြင်းများ၊ အသက်ရှူလေ့ကျင့်ခန်းများ လာရောက်ဆောင်ရွက်ကြသည့်အတွက် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပပြီး လေကောင်းလေသန့်များ ရှူရှိုက်ရာတွင် ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ကြရန်နှင့် မြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ရေနုတ်မြောင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်အောင်၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မြန်အောင် ဇူလိုင် ၃**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအုပ်စု မျှင်ဝါးတောင်ကျေးရွာ ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်(၇၇/၂)အနီး မျှင်ဝါးတောင်ကြိုးဝိုင်းအကွက် အမှတ်(၅၂) ၌ ကျင်းပသည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလွင်၊ ခရိုင်သစ်တောဦးစီးမှူး ဦးတင်အုန်းကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေးနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စေတနာ့ဝန်ထမ်းများက ကျွန်းပင် ၄၄၀၊ မန်ကျည်းရှားပင် ၄၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတရေး၊ သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်း၊ ဒေသအပူချိန် လျော့ချနိုင်စေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ မိုးရာသီအကြိုနှင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများ၊ အထိမ်းအမှတ်နေ့များအလိုက် စုပေါင်းစိုက်ပျိုးခြင်းများ၊ ပုဂ္ဂလိကစိုက်ခင်း၊ ဒေသစိုက်ခင်း၊ နိုင်ငံပိုင်စိုက်ခင်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၂ ခုနှစ် မိုးရာသီတွင် ကျွန်း၊ ပျဉ်းကတိုး၊ မန်ကျည်းရှား၊ ပိတောက်၊ မဟော်ဂနီ၊ ယမနေ၊ ခရေ၊ ကံ့ကော် ပျိုးပင်ပေါင်း ၈၇၀၀၀၀ ကျော်ကို စိုက်ပျိုးသွားမည်ဖြစ်ရာ ဇွန်လကုန်အထိ ၈၀ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဦးစီးအရာရှိ ဦးသန်းဌေး ထံမှ သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# မန်းချောင်းရေလှောင်တမံမှ မိုးစပါးလျာထားဧက ၂၉၇၁ ဧကအတွက် ပျိုးထောင်ရေများ စတင်ပေးဝေလျက်ရှိ

**ငဖဲ ဇူလိုင် ၃**

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်းရှိ မန်းချောင်းရေလှောင်တမံ ဆည်ရေသောက်ဧရိယာများတွင် မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၂၉၇၁ ဧကအတွက် စတင်ပျိုးထောင်စိုက်ပျိုးနိုင်ရန် ဇူလိုင် ၁ ရက်ကစတင်၍ ဆည်ရေပေးဝေလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုဦးထံမှ သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးများ စိုက်ပျိုးရာသီတွင် မန်းချောင်းရေလှောင်တမံ ဆည်ရေသောက်ဧရိယာအတွင်းရှိ မြောင်းလက်တံအလိုက် မိုးစပါးစိုက်ပျိုးရန် လျာထားမှုအနေဖြင့် လက်ဝဲမြောင်းမကြီးရှိ ကျေးရွာအုပ်စု ခြောက်အုပ်စု ကွင်းပေါင်း ၁၄ ကွင်းအတွက် လျာထားဧက ၁၀၀၀၊ လက်ယာမြောင်းမကြီး တစ်လျှောက်ရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စု ကွင်းပေါင်း ၁၅ ကွင်းအတွက် လျာထားဧက ၁၉၇၁ ဧကစုစုပေါင်း ၂၉၇၁ ဧကနှင့် ရင်းရှည်တမံ ဆည်ရေသောက်ဧရိယာ အတွင်းရှိ ကျေးရွာအုပ်စု နှစ်အုပ်စု ကွင်းပေါင်းလေးကွင်းရှိ လျာထားဧက ၁၉၈ ဧက စုစုပေါင်း ကျေးရွာအုပ်စု ၁၅ အုပ်စု ကွင်းပေါင်း ၃၃ ကွင်းတွင် မိုးစပါးများပျိုးထောင်စိုက်ပျိုးနိုင်ရန် လျာထားဧက ၃၁၆၉ ဧက လျာထားကြောင်း သိရသည်။



အဆိုပါမန်းချောင်းရေလှောင်တမံ၏ ကန်ရေပြည့်ရေသိုလှောင်ပမာဏမှာ ဧကပေ ၁၂၀၀၀၀ ဖြစ်ပြီး ယနေ့လက်ရှိရေသိုလှောင်ပမာဏမှာ ၃၁၃၀၀၊ ရေအမှတ် ၅၉၀ ဒသမ ၃ ရှိသည့်အတွက် ဆည်ရေပေးဝေနိုင်ရန် ဧရိယာမှာ မိုးစပါး ၂၉၇၁ ဧက စိုက်ပျိုးရန်လျာထားကြောင်း၊ မန်းတမံဆည်မှ နွေစပါးများအတွက် အောင်ရေပေးဝေရင်း မိုးစပါးများ ပျိုးထောင်နိုင်ရန်အတွက်ပါ ထပ်ဆောင်း၍ ဆည်ရေပေးဝေလျက်ရှိကြောင်းနှင့် ရင်းရှည်ရေလှောင်တမံဆည်မှ မိုးစပါးပျိုးထောင်ရန်အတွက် စိုက်ပျိုးရေကို မေ ၂၆ ရက်မှစတင်၍ ပေးဝေလျက်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**

# ကျောက်ဆည်မြို့နယ်၌ ဟင်းသီးဟင်းရွက်များ တစ်နိုင်တစ်ပိုင် ပိုမိုစိုက်ပျိုးလာ

**ကျောက်ဆည် ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် နေ့စဉ်ဝင်ငွေရသည့် ကာလတိုသီးနှံများဖြစ်သော ကန်စွန်း၊ ဆလတ်၊ ဆူးပန်း၊ နံနံ၊ မုန်ညင်း၊ ခရမ်း၊ ရုံးပတီစသည့် ဟင်းသီးဟင်းရွက်များ တစ်နိုင်တစ်ပိုင် ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။

ကာလရှည်သီးနှံများဖြစ်သည့် စပါး၊ ကြက်သွန်၊ ငရုတ်စသည့် သီးနှံများ စိုက်ပျိုးရာတွင် လုပ်သားရှားပါးမှု အခက်အခဲနှင့် သွင်းအားစုများ ပိုမိုသုံးစွဲခဲ့ရပြီး စိုက်ပျိုးရိတ်သိမ်းသည့်အခါ ဈေးကောင်းမရခဲ့ပါက တောင်သူများအနေဖြင့် များစွာဆုံးရှုံးမှုရှိကြောင်း၊ ထို့ကြောင့် နေ့စဉ်ပုံမှန်ဝင်ငွေရသည့် ကာလတိုသီးနှံများ ပိုမိုစိုက်ပျိုးလာကြောင်းနှင့် ကန်စွန်းသီးနှံစိုက်ပျိုးမည်ဆိုပါက မြေဆီကောင်းမွန်စေရန်အတွက် ဦးစွာမြေပြုပြင်ပေးရပြီး သဘာဝမြေသြဇာဖြစ်သည့် နွားချေး၊ ဆိတ်ချေး၊ ကြက်ချေးများကို သီးနှံမစိုက်ပျိုးခင် ဦးစွာထည့်ထားပေးရကြောင်း၊ စိုက်ပျိုးရာတွင် ရေသွင်း၊ ရေထုတ်ကောင်းမွန်စေရန်အတွက် မြေအမျိုးအစားအလိုက် မြေပေါင်အကြီး၊ အသေးများပြုလုပ်ပြီး လေဝင်လေထွက် ကောင်းမွန်စေရန်အတွက် အပင်များအား သင့်တော်သည့် အကွာအဝေးအနေဖြင့် တစ်ထွာ၊ တစ်မိုက်ခြားပြီး စိုက်ပျိုးရကြောင်း သိရသည်။

**သက်မောင်**

# ဥကရစ်ထ နယ်မြေအတွင်း အကြမ်းဖက်သမားများ ခိုအောင်းအခြေချနေထိုင်မှု မရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃**

ဥကရစ်ထစခန်းအား KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက် ပူးပေါင်းအဖွဲ့က အင်အားအလုံးအရင်းအသုံးပြု၍ အကြိမ်ကြိမ် တိုက်ခိုက်ခဲ့သော်လည်း အဆိုပါစခန်းမှ တပ်မတော်သားများအနေဖြင့် မြေပြင်ပစ်ကူနှင့် လေကြောင်းပစ်ကူများရယူ၍ ရှုပ်ရှုပ်ချုံချုံ မဆုတ်မနစ် ကြံ့ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့် အသက်ကို ပဓာနမထားဘဲ ခုခံတိုက်ခိုက်ခဲ့မှု၊ စစ်ကူစစ်ကြောင်းများအနေဖြင့်လည်း ရာသီဥတုနှင့် အခြားသော မြေအနေအထား ကန့်သတ်ချက်များကြားမှ ဥကရစ်ထစခန်းရှိ တပ်မတော်သားများနှင့် တပ်ချင်းချိတ်ဆက်ပူးပေါင်းကာ ဥကရစ်ထစခန်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှုကို ဇူလိုင် ၂ ရက်တွင် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုသို့ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခဲ့ရာတွင် အချိန်အခက်အခဲကြောင့် မှတ်တမ်းဓာတ်ပုံများ၊ အထောက်အထားများ ပြည့်စုံစွာ ဖော်ပြနိုင် ခြင်းမရှိခဲ့သဖြင့် အဆိုပါ စစ်ကူ၊ စစ်ကြောင်းများနှင့် ဥကရစ်ထစခန်းမှ တပ်မတော်သားများ တပ်ချင်းချိတ်ဆက် ပူးပေါင်းနိုင်မှု မှတ်တမ်းဓာတ်ပုံများကို ထပ်မံဖော်ပြပါသည်။

ထို့ပြင် ဥကရစ်ထစခန်း အနီးပတ်ဝန်းကျင်တစ်ဝိုက်အား နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင်လည်း KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက် ပူးပေါင်းအဖွဲ့အနေဖြင့် ဥကရစ်ထစခန်းကို လာရောက်တိုက်ခိုက်ခဲ့စဉ် စေတီပုထိုးများ၊ ဘာသာရေး အဆောက်အဦများနှင့် လူနေအဆောက်အဦများကို အကာအကွယ်ယူ၍ တိုက်ခိုက်ခဲ့သည့် နေရာများကိုလည်း တွေ့ရှိရသည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် ဥကရစ်ထနယ်မြေအတွင်း အကြမ်းဖက်သမားများ ခိုအောင်းအခြေချနေထိုင်မှု မရှိစေရေးအတွက် လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





အကြမ်းဖက်သောင်းကျန်းသူများက စေတီပုထိုးနှင့် ဘာသာရေး အဆောက်အဦများကို အကာအကွယ်ပြု၍ တပ်မတော်စစ်ကြောင်းအား တိုက်ခိုက်ခဲ့သောနေရာ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက စေတီပုထိုးနှင့် ဘာသာရေး အဆောက်အဦများကို အကာအကွယ်ပြု၍တပ်မတော်စစ်ကြောင်းအား တိုက်ခိုက်ခဲ့သောနေရာ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာအတွင်း လူနေအဆောက်အဦများကို အကာအကွယ်ပြု၍ တပ်မတော်စစ်ကြောင်းအား တိုက်ခိုက်ခဲ့သောနေရာ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာအတွင်း လူနေအဆောက်အဦများကို အကာအကွယ်ပြု၍ တပ်မတော်စစ်ကြောင်းအား တိုက်ခိုက်ခဲ့သောနေရာ မှတ်တမ်းဓာတ်ပုံ။



ဥကရစ်ထစစ်ဆင်ရေးခြေကုပ်စခန်းရှေ့၌ ရှုပ်ရှုပ်ချုံချုံ ခုခံကာကွယ်ခဲ့သည့် ခြေကုပ်စခန်းမှ တပ်မတော်သားများနှင့် စစ်ကူစစ်ကြောင်းတို့ တပ်ချင်းချိတ်ဆက်သတင်းပို့မှု မှတ်တမ်းဓာတ်ပုံ။



ဥကရစ်ထစစ်ဆင်ရေးခြေကုပ်စခန်းရှေ့၌ ရှုပ်ရှုပ်ချုံချုံ ခုခံကာကွယ်ခဲ့သည့် ခြေကုပ်စခန်းမှ တပ်မတော်သားများနှင့် စစ်ကူစစ်ကြောင်းတို့ တပ်ချင်းချိတ်ဆက်သတင်းပို့မှု မှတ်တမ်းဓာတ်ပုံ။



ဥကရစ်ထစစ်ဆင်ရေးခြေကုပ်စခန်းရှေ့၌ ရှုပ်ရှုပ်ချုံချုံ ခုခံကာကွယ်ခဲ့သည့် ခြေကုပ်စခန်းမှ တပ်မတော်သားများနှင့် စစ်ကူစစ်ကြောင်းတို့ တပ်ချင်းချိတ်ဆက်ပြီး မှတ်တမ်းဓာတ်ပုံ။

# ဒုတိယဝန်ကြီး ဦးရဲတင့် ရှမ်းပြည်နယ်တောင်ပိုင်း၌ ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ကလော ဇူလိုင် ၃**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် ပြည်သူ့စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**တောင်ကြီးမြို့**

ထို့နောက် တောင်ကြီးမြို့ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးသို့ ရောက်ရှိပြီး မကြာမီဖွင့်လှစ်မည့် လူထုအခြေပြုဗဟိုဌာန (Community Center) ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ရုံးနှင့် ခရိုင်ရုံးဝန်ထမ်းများ၊ ညောင်ရွှေမြို့နယ်နှင့် ကျောက်တလုံးကြီးမြို့ရုံးတို့မှ ဦးစီးမှူးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဇုန်နယ်တာဝန်ခံနှင့် အင်ဂျင်နီယာများ၊ ကိုယ်ပွားသတင်းစာတိုက်မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**ဟိုပုံးမြို့**

မွန်းလွဲပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး(ယာပုံ) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ခရိုင်ရုံးဝန်ထမ်းများ၊ ပင်လောင်းမြို့နယ်နှင့် နောင်တရားမြို့နယ်ဦးစီးမှူးတို့ကို တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

**လွိုင်လင်ခရိုင်**

ယနေ့နံနက်ပိုင်းက လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ လဲချား၊ မိုင်းကိုင်၊ ကွန်ဟိန်းမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများနှင့် ပင်လုံမြို့ရုံး ဒုတိယဦးစီးမှူးတို့နှင့် တွေ့ဆုံသည်။

ယင်းနောက် နမ့်စန်မြို့နယ်ရုံးနှင့် မိုးနဲမြို့နယ်ရုံးတို့သို့ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ မိုးနဲမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

**ပြည်သူ့ဆက်ဆံရေး ကြိုးစားဆောင်ရွက်**

ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပြန်ကြားရေးနှင့် အသိပညာပေး လုပ်ငန်းများကို အလေးထားဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များအား အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို ထိထိရောက်ရောက် အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

ခရိုင် (ပြန် / ဆက်)



# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။


ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ၃၇ လမ်းနှင့် ၃၈ လမ်းကြားနေ ငြိမ်းချမ်းသည် ၎င်းအသုံးပြုသည့် “Nyein Chan” Facebook အကောင့်၊ ကျောက်ပန်းတောင်းမြို့နယ် ညောင်ပင်သာကျေးရွာနေ အေးသိန်း(၆၈)နှစ်သည် ၎င်းအသုံးပြုသည့် “နွေဦးရောင်ခြည်” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကချင်ပြည်နယ် နောင်မွန်မြို့နယ် ကဆန်ချောင်းကိုဖြတ်၍ တည်ဆောက်နေသော မကွေ့ဇတံတား ရာနှုန်းပြည့်ပြီး



မကွေ့ဇတံတား တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

**မြစ်ကြီးနား ဇူလိုင် ၃**

ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် တံတားအထူးအဖွဲ့(၁) တည်ဆောက်ရေးအဖွဲ့(၁)ကို မြစ်ကြီးနား၌ အခြေစိုက်ဖွဲ့စည်းထားရှိ၍ တံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မကွေ့ဇတံတားကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ ဧပြီလမှစ၍ ဒေသတွင်းမှ ပြည်သူများအား အသုံးပြုခွင့်ပြုလိုက်ပြီဟု သိရသည်။

အဆိုပါ မကွေ့ဇတံတားသည် ကချင်ပြည်နယ် နောင်မွန်မြို့နယ် မကွေ့ဇ-ခေါင်လန်ဖူးကားလမ်း မိုင်တိုင်အမှတ် ၀/၀ တွင် တည်ရှိသော ကဆန်ချောင်းပေါ်၌ ဖြတ်သန်းတည်ဆောက်ခဲ့သော တံတားဖြစ်ပြီး အလျား ပေ ၅၉၀၊ မီတာအားဖြင့် ၁၈၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ cassion အုတ်မြစ်၊ သံကူကွန်ကရစ် ရေလည်တိုင်နှင့် ကမ်းကပ်ခုံကိုယ်ထည်၊ တံတားအပေါ်ထည် Steel Plate Girder R.C Girder G R.C.C Slab တံတားအမျိုးအစားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

တံတားတည်ဆောက်ပြီးသည့်အတွက် ကချင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် အခြား ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးသို့ ဆက်သွယ်သွားလာရာတွင် လွယ်ကူလာမည့်အပြင် နယ်စပ်ဒေသများနှင့် ဆက်သွယ်သွားလာ၍ ဒေသတွင်း အချင်းချင်းကုန်စည်ပို့ဆောင်မှုများ မြန်ဆန်လာခြင်းနှင့် အချိန်တိုအတွင်း လုံခြုံစိတ်ချစွာ အသုံးပြုသွားလာနိုင်ခြင်းတို့ကြောင့် တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ခင်မှု ပိုမိုရရှိလာပြီး ဒေသတွင်းပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသည့်ကဏ္ဍအသီးသီးတို့ ဖွံ့ဖြိုးတိုးတက်လာမည့် အကျိုးကျေးဇူးများ ရရှိခံစားရနေကြပြီဖြစ်သည်။

ခရမ်းစိုးမြင့်

# စကိုင်းနက်ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ဆီမီးဖိုင်နယ်ပွဲစဉ်များ အကြိတ်အနယ်ယှဉ်ပြိုင်

**ရန်ကုန်  ဇူလိုင်  ၃**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် စကိုင်းနက်တို့ ပူးပေါင်းကျင်းပသော စကိုင်းနက် ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ ငါးချီစိန်ခေါ်ပွဲ ကီလိုတန်းအလိုက် ဆီမီးဖိုင်နယ်ပြိုင်ပွဲများကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ အကြိတ် အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ပရိသတ်အကြိုက် ပွဲကောင်းများဖြစ်ခဲ့သည်။ အဆိုပါပြိုင်ပွဲ၌ ၆၀ ကီလိုတန်းများတွင် စောအယ်ဖူ(ဒို့ရိုးရာ)နှင့် ဟိန်းထွန်းအောင်(ရွှေသထုံ)တို့ ပထမအချီမှ ပဉ္စမအချီအထိ နှစ်ယောက်စလုံး ဖွင့်ထိုးကြသည်။ စောအယ်ဖူ ထိုးလုံးထိုးပေါက်ကောင်းသော်လည်း ဟိန်းထွန်းအောင်၏ လက်သီးထိချက်များကြောင့် ဒိုင်သုံးဦးက ဟိန်းထွန်းအောင်ကို အမှတ်ဖြင့် အနိုင်ပေးလိုက်သည်။ နောက်တစ်ပွဲဖြစ်သည့် စောဘဟိန်း (ဘိလပ်မြေစက်ရုံ)လက်သီးတွဲလုံးများကြောင့် တတိယအချီမှာ မင်းကျော်ဇ(ဖွဲ့ကပင်မြေ) မယှဉ်ပြိုင်နိုင်ဘဲ အရှုံးပေးလိုက်ပြီး စောဘဟိန်း ဗိုလ်လုပွဲ တက်ရောက်သွားသည်။



စောမင်းမင်း(ရွှေသထုံ)နှင့် ကိုနိုင်း(ဇာနည်သွေး)တို့၏ ပွဲစဉ်။

၆၃ ဒသမ ၅ ကီလိုတန်း နက္ခမင်း(ဖွဲ့ကပင်မြေ)နှင့် ကျားသွေး(ထွန်းထွန်းမင်း)တို့ပြိုင်ပွဲ၌ ပထမအချီတွင် နက္ခမင်း ခြေကန်ချက်များကြောင့် ကျားသွေး ညာခြေဒဏ်ရာရခဲ့ရာ ဒုတိယအချီ ၁၃ စက္ကန့်တွင် နက္ခမင်း ဆက်လက်ခြေကန်ချက်ကြောင့် ကျားသွေး အမှတ်စဉ် ရေခံရကာ မယှဉ်ပြိုင်နိုင်၍ နက္ခမင်း အနိုင်ရရှိသွားသည်။ ထို့ပြင် အဲမွီ(နဂါးမင်း) လက်သီးထိချက်ကြောင့် သက်ဝင်းအောင်(ရွှေသထုံ) ပထမချီ အမှတ်စဉ်ရေတွက်ခံရသည်။ ဒုတိယအချီမှ ငါးချီမြောက်အထိ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးသတ်ခဲ့ရာ အရှုံးအနိုင်မပေါ်ဘဲ ဒိုင်သုံးဦးက အမှတ်ဖြင့် အဲမွီကို အနိုင်ပေးလိုက်သည်။ ၆၇ ကီလိုတန်းတွင် စောမင်းမင်း(ရွှေသထုံ)နှင့် ကိုနိုင်း(ဇာနည်သွေး) ငါးချီပြည့်အထိ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးကြသော်လည်း ဒိုင်သုံးဦးက စောမင်းမင်းကို အမှတ်ဖြင့် အနိုင်ပေးလိုက်သည်။ နောက်တစ်ပွဲဖြစ်သည့် မာန်မင်းအောင်(ဘိလပ်မြေစက်ရုံ)နှင့် ကမ္ဘာ့ရှား (AMT2)တို့ ပြိုင်ပွဲတွင် လေးချီမြောက်မှာ ကမ္ဘာ့ရှား လက်သီးတွဲလုံးများကြောင့် မာန်မင်းအောင် အမှတ်စဉ် ရေတွက်ခံရပြီး မယှဉ်ပြိုင်နိုင်၍ ကမ္ဘာ့ရှား အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲပြိုင်ပွဲများတွင် ၆၀ ကီလိုတန်း၌ ဟိန်းထွန်းအောင်(ရွှေသထုံ)နှင့် စောဘဟိန်း(ဘိလပ်မြေစက်ရုံ)၊ ၆၃ ဒသမ ၅ ကီလိုတန်းတွင် နက္ခမင်း(ဖွဲ့ကပင်မြေ)နှင့် အဲမွီ(နဂါးမင်း)၊ ၆၇ ကီလိုတန်းတွင် စောမင်းမင်း(ရွှေသထုံ)နှင့် ကမ္ဘာ့ရှား(AMT2)၊ ၇၀-၇၁ ကီလိုတန်းတွင် စောမင်းအောင် (တောင်ကလေး)နှင့် ကြယ်ကြီး(G3G)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ဗိုလ်လုပွဲစဉ်များကို ဇူလိုင် ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး၊ ဓာတ်ပုံ-တင်စိုး**

# အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာအသင်း ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိ



မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဇွန်လကုန်ပိုင်းက ရန်ကုန်မြို့၌ လေ့ကျင့်နေစဉ်။

**ရန်ကုန်  ဇူလိုင်  ၃**

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိနေပြီ ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပြိုင်ပွဲဝင်ရန် ဇူလိုင် ၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး ယင်းနေ့ညပိုင်းတွင် မနီလာမြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ၁၁ ဦး၊ ကစားသမား ၂၇ ဦး လိုက်ပါသွားသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**-ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်**- ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြများ**- ဒေါ်စန်းစန်းမော်၊ ဒေါ်အေးနန္ဒာလှိုင်၊ ဒေါ်နုနုခိုင်ဝင်း၊ **ဂိုးနည်းပြ**-ဦးယဉ်မင်းအောင်၊ ကစားသမားများအဖြစ် **ဂိုးသမား**- မေဇင်နွယ်၊ ဇူးလတ်နဒီ၊ မျိုးမြမြငြိမ်း၊ **နောက်တန်း**- ဖြူဖြူဝင်း၊ ချစ်ချစ်၊ ခင်သန်းဝေ၊ နန့်ဇူးဇူးထက်၊ အေးအေးမိုး၊ မေဖူးကို၊ ခင်မျိုးဝင်း၊ မိုးမမစိုး၊ ခိုင်သဇင်၊ ဇွန်ယုယဦး၊ **အလယ်တန်း** - ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ ပို့ပို့ပြည့်မောင်၊ ဝင်းဝင်း၊နှင်းပွင့်အေး၊ လင်းမြင့်မိုရ်၊ ဝေဖူးအိမ်၊ နော်ထက်ထက်ဝေ၊ ယဉ်လွန်းအိမ်၊ ခင်မိုးဝေ၊ **ရှေ့တန်း**- ဝင်းသိင်္ဂီထွန်း၊ ဂျူလိုင်ကျော်၊ မြတ်နိုးခင်နှင့် စန်းသော်သော်တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇူလိုင် ၃ ရက် ညပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ၌ စတင်လေ့ကျင့်လျက်ရှိသည်။

ယင်းပြိုင်ပွဲကို ဇူလိုင် ၄ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် ထိုင်း၊ ဖိလစ်ပိုင်၊ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ အုပ်စု (ခ) ဗီယက်နမ်၊ မြန်မာ၊ တီမော၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် ဇူလိုင် ၅ ရက်တွင် တီမောအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

## အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စုဒုတိယပွဲအဖြစ် မြန်မာနှင့်ထိုင်း ယနေ့ကစားမည်

**ရန်ကုန်  ဇူလိုင်  ၃**

အင်ဒိုနီးရှားနိုင်ငံ၌ ပြုလုပ်နေသည့် ၂၀၂၂ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(က) ဒုတိယနေ့ကို ဇူလိုင် ၄ ရက်**(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် နာမည်ကြီး ထိုင်းအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

အုပ်စုပွဲများကို ဇူလိုင် ၂ ရက်မှစ၍ နေ့စဉ်ကျင်းပလျက်ရှိပြီး ဇူလိုင် ၃ ရက်တွင် အုပ်စု (ခ) ပွဲစဉ်များ ကျင်းပပြီးနောက် ဇူလိုင် ၄ ရက်တွင် အုပ်စု (က)ပွဲစဉ်များ ပြုလုပ်မည်ဖြစ်သည်။

အုပ်စု(က) ဒုတိယနေ့အဖြစ် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဗီယက်နမ်နှင့် ဖိလစ်ပိုင်၊ မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် မြန်မာနှင့် ထိုင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် အင်ဒိုနီးရှားနှင့် ဘရူနိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇူလိုင် ၂ ရက်က ကျင်းပသည့် ပထမနေ့တွင် မြန်မာက ဘရူနိုင်းကို ခုနစ်ဂိုးပြတ်၊ ထိုင်းက ဖိလစ်ပိုင်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့ ဂိုးမရှိ သရေကျခဲ့သည်။ အုပ်စုကျပ်အတွင်း ကျရောက်နေသည့် မြန်မာအသင်းအနေဖြင့် အသင်းကြီးများနှင့် ထိပ်တိုက်တွေ့ဆုံသည့်ပွဲများတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေပြီး ထိုင်းနှင့်ပွဲမှာ ပထမဆုံးစမ်းသပ်မှုဖြစ်လာမည်ဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲတွင် ဘရူနိုင်းကို ခုနစ်ဂိုးပြတ် အနိုင်ရသော်လည်း ပြိုင်ဘက်အသင်းက အားနည်းသဖြင့် ထိုင်းနှင့်ပွဲတွင် ပိုမိုအားထုတ်ရမည်ဖြစ်သည်။ သို့သော် ဘရူနိုင်းထံမှ အနိုင်သုံးမှတ်အပြင် သွင်းဂိုး ခုနစ်ဂိုးလည်း ရရှိခဲ့ရာ ကစားသမားများ စိတ်ဓာတ်ပိုင်းဆိုင်ရာ ယုံကြည်မှုရှိလာနိုင်သည်။

မြန်မာအသင်းသည် ထိုင်းနှင့်ကစားပြီးပါက ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အင်ဒိုနီးရှားတို့နှင့် ဆက်တိုက်ကစားရမည်ဖြစ်ရာ တစ်ပွဲမှ အမှားခံ၍မရသည့်အနေအထားဖြစ်နေသည်။

**ရဲရင့်လွင်**

# ဝင်ဘယ်ဒန်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ တတိယအဆင့်တွင် ဆွီယာတက်ခ်၊ ကိုကိုဂေါ့ဖ်တို့ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရ၊ ဝက်ဆန် နောက်တစ်ဆင့်တက်ရောက်

ဝင်ဘယ်ဒန် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ တတိယအဆင့်တွင် နာမည်ကြီး ဆွီယာတက်ခ်၊ ကိုကိုဂေါ့ဖ်တို့ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီး ဝက်ဆန် နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ဖလားဆွတ်ခူးရန် ထင်ကြေးပေးခြင်းခံနေရသည့် ကမ္ဘာ့နံပါတ်တစ် ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်သည် ပြိုင်ဘက်ပြင်သစ်တင်းနစ်မယ်ကော်နက်ကို ၆-၄၊ ၆-၂ ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။ ထို့အပြင် ဆွီယာတက်ခ်သည် ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် ၎င်း၏ ၃၇ ပွဲဆက် နိုင်ပွဲရရှိမှုစံချိန်လည်း ကျိုးပျက်ခဲ့ရပြီဖြစ်သည်။ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ တတိယအဆင့်မှ အခြားသော ပွဲစဉ်အဖြစ် အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ်နှင့် အနစ်ဆီမိုဗာ တို့ပွဲစဉ်တွင်လည်း နာမည်ကြီး ကိုကိုဂေါ့ဖ်သည် ပြိုင်ဘက်ကို ၇-၆ (၇-၄)၊ ၂-၆၊ ၁-၆ ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။



ဗြိတိန် တင်းနစ်မယ် ဝက်ဆန်

သို့သော်လည်း နာမည်ကြီး ဗြိတိန်တင်းနစ်မယ် ဝက်ဆန်သည် စလိုဗေးနီးယားတင်းနစ်မယ် ဂျူဗန်ကို ၇-၆ (၈-၆)၊ ၆-၂ ဖြင့် အနိုင်ရရှိကာ သမိုင်းတစ်လျှောက် ဂရင်းဆလမ်းပြိုင်ပွဲစတုတ္ထအဆင့်သို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့သည်။ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ တတိယအဆင့်တွင် နာမည်ကြီးတင်းနစ်ကစားသမားများဖြစ်သည့် နာဒယ်၊ ဒီဂျိုကိုဗစ်၊ နော်ရီတို့ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။

**အောင်ဇော်**

## မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

### အဝါရောင်အဆင့်

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

### လိမ္မော်ရောင်အဆင့်

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုကို အထူးသတိထားစောင့်ကြည့်နိုင်ရန်။

### အနီရောင်အဆင့်

အနီရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်း မုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့် နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

### အညိုရောင်အဆင့်

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ်ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်။

### အစိမ်းရောင်အဆင့်

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။


ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ဈေးပြိုင်လေလံစနစ်ဖြင့် (Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားပိုင်၊ ရန်ကုန်ဘူတာကြီး၊ မြေညီထပ်ရှိ ရုံးခန်း (၅) ခန်းနှင့် ပထမထပ်ရှိ ရုံးခန်း (၁၀) ခန်း၊ စုစုပေါင်းရုံးခန်း (၁၅) ခန်း၊ စုစုပေါင်းကြမ်းခင်းဧရိယာ (၈၅၈.၇၅) စတုရန်းမီတာကို ရုံးခန်းအဖြစ် (၃) နှစ် ငှားရမ်းလုပ်ကိုင်ခွင့်ကို ရန်ကုန်ဘူတာကြီး၊ ပထမထပ်ရှိ၊ တိုင်းတာဝန်ခံ၊ တိုင်းအမှတ် (၇)၊ ရန်ကုန် ရုံးခန်း၌ (၂၉.၇.၂၀၂၂) ရက်နေ့၊ နေ့လယ် (၁၃:၀၀) နာရီအချိန်တွင် ဈေးပြိုင်လေလံစနစ်ဖြင့် (Open Tender) ခေါ်ယူဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ် (၇)၊ ရန်ကုန်ရုံး၊ ရန်ကုန်ဘူတာကြီး (ပထမထပ်) ၌ တင်ဒါအဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို (၁) စုံလျှင် (၂၀,၀၀၀/-) ကျပ်နှုန်းဖြင့် (၂၀.၇.၂၀၂၂) မှ (၂၈.၇.၂၀၂၂) ရက်နေ့ထိ ရုံးချိန်အတွင်း (ရုံးပိတ်ရက်များမပါ) ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက၊ မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ် (၇)၊ ရန်ကုန်ရုံး၊ ရန်ကုန်ဘူတာကြီး (ပထမထပ်) သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ် (၀၁ - ၈၃၉၃၄၂၈၊ ၀၉ - ၇၉၄၁၇၃၀၆၅၊ ၀၉ - ၉၆၉၅၈၅၂၄၅၊ ၀၉ - ၄၃၀၁၃၉၂၈၂) သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါကော်မတီ



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(အေးသာယာ)၊ မဥ္ဇူ(၅)လမ်း၊ မြေကွက်အမှတ်(၁၇၁/A)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးကြီးမောင် (TGA- ၀၂၈၄၁၂) အမည်ပေါက် ပြေစာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမြတ်မင်းဟိန်း (၁၂/တမန (နိုင်) ၁၀၂၅၂၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)
Hein Htet San Law Firm

ဦးဇော်ထွန်းအောင်
LL.B, D.B.L, D.M.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၃၅)
ဖုန်း–၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၂၃၆


# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်နှင့် မော်တော်ဆိုင်ကယ် ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၃

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဌာနဆိုင်ရာ တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့စဉ် ဇူလိုင် ၂ ရက်တွင် မြဝတီကုန်သွယ်ရေးဇုန်၌ အကောက်ခွန်မဲ့ ထမင်းပေါင်းအိုး ၄၆၀ (ခန့်မှန်းတန်ဖိုး ငွေကျပ်၂၁၇၅၀၀) ကို လည်းကောင်း၊ ဇူလိုင် ၃ ရက်တွင် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ အကောက်ခွန်မဲ့ အိမ်တွင်းစီးဖိနပ်များ အရန် ၆၀၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၁၇၅၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### အရေးယူဆောင်ရွက်

အလားတူ ဇူလိုင် ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်အတွင်း လိုင်စင်မဲ့ KENBO 125 အမျိုးအစား ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ ကျောက်မဲကြီးဝိုင်းအတွင်း တရားမဝင် ဒီးဒူးခွဲသား ၁ ဒသမ ၃၆၃၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၄၃၈)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### ဖမ်းဆီးရမိမှု

သို့ဖြစ်ပါ၍ ဇူလိုင် ၂ ရက်နှင့် ၃ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၇၂၉၃၈) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်


ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရတနာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၃၆၉၇)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ x ၆၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ အိမ်ဝိုင်းခြံမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့/မြေဌာနတွင် ဦးအုန်းမောင်(၉/ပဥလ(နိုင်)၀၁၆၅၉၉) မြေပေးစလစ်မူရင်းနှင့် စာချုပ်မူရင်းတို့အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စိမ်းစိမ်းယု (ဘ)ဦးကျော်မြင့်၊ ၉/စကတ(နိုင်)၀၀၀၉၅၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အိသော်သော်ဇင် (ဘ)ဦးလှဖုန်းမြင့်၊ ၇/သကန(နိုင်)၁၁၅၃၄၇ က ရောင်းဖိုးငွေများအား အပြီးအပိုင်ဝယ်ယူပြီး လက်ရောက်ရယူထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ ပြသ၍ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့ကုန်သည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခင်ဆုဆုလှိုင် (LL.B)
အထက်တန်းရှေ့နေ စဉ်-၅၃၈၉၅ (၂၀.၁၁.၂၀၂၀)
အိမ်အမှတ် (၃၀၈၁၇)၊ ပိတောက်လမ်း၊ ဇဝနဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်
PH-09444037349



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၁၆၈/၁ရပ်ကွက်၊ ရဲကျော်သူရလမ်း၊ အမှတ်-၁၃၈(ခ)ဟုခေါ်တွင်သော(၂၀ပေ×၆၀ပေ)ရှိဦးကျော်လွင်(၁၂/သကတ(နိုင်)၀၆၀၁၆၈)အမည်ပေါက် ပါမစ်မြေကို မူလမြေအမည်ပေါက်ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူဦးမောင်မောင်လွင်(၁၂/တမန(နိုင်)၀၈၉၁၈၈)ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ပေးအပ်ထားပါသည်၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်းကျွန်ုပ်ထံသို့ စာရွက်စာတမ်း(မူရင်း)၊ အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်၊ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးလှဝင်း(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၈၄)
ဖုန်း-၀၉-၅၁၁၉၉၆၁၊ ၀၉-၇၉၅၈၇၅၀၃၃


# ဧရာဝတီယူနိုက်တက်အသင်း ၂၀၂၂ MNL ပြိုင်ပွဲတွင် ပထမဆုံးနိုင်ပွဲရရှိ




နေပြည်တော် ဇူလိုင် ၃

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဧရာဝတီအသင်းက ရခိုင်အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

ရာသီအစ ပထမဆုံးပွဲတွင် ဟံသာဝတီကို အရေးနိမ့်ထားသည့် ဧရာဝတီအသင်းသည် ဒုတိယမြောက်ပွဲတွင် နိုင်ပွဲပြန်ရာတွေ့ခဲ့ပြီး အနိုင်သုံးမှတ်ရရှိခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းမှာမူ ယခုပွဲတွင်လည်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သဖြင့် ရာသီအစ နှစ်ပွဲဆက်တိုက် အရေးနိမ့်ခဲ့ရသည်။

ဧရာဝတီအသင်း၏ ပွဲထွက်လူစာရင်းတွင် တင်ဝင်းအောင်၊ ဇော်လင်း၊ အောင်နိုင်ဝင်း၊ ရန်ကျော်ထွေး၊ ရာဇာအောင်တို့ပါဝင်ပြီး ရခိုင်ယူနိုက်တက်အသင်းမှာမူ စိုးအာကာ(ဂိုး)၊ ဇေယျာနိုင်၊ အီဘရာဟင်မ်၊ သက်ထွန်းအောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပထမဆုံးပွဲတွင် ရှုံးပွဲကြုံတွေ့ထားသည့် နှစ်သင်းတွေ့ဆုံသောကြောင့် ပထမဆုံးနိုင်ပွဲရရန် ပွဲစကတည်းက တိုက်စစ်မြင့်ခဲ့ပြီး ၂၅ မိနစ်တွင် ဧရာဝတီအသင်းက ဂိုးစတင်သွင်းယူနိုင်ခဲ့သည်။ ယင်းဂိုးကို ရန်ကျော်ထွေးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့သော်လည်း ဂိုးထပ်မသွင်းနိုင်သဖြင့် ဧရာဝတီအသင်းက ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် အနိုင်ရနေသည်။ ဧရာဝတီအသင်းသည် ဒုတိယပိုင်းအစတွင် ဂိုးထပ်မံရခဲ့သဖြင့် ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၄၉ မိနစ်တွင် ရာဇာအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ရခိုင်အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း ဧရာဝတီခံစစ်က အမှားအယွင်းမရှိ ထိန်းချုပ်နိုင်ခဲ့ပြီး ဧရာဝတီအသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၇၈ မိနစ်တွင် ရာဇာအောင်က သွင်းယူခဲ့သည်။

ပွဲစဉ် (၂) တတိယနေ့ကို ဇူလိုင် ၄ ရက် (ယနေ့) ညနေ ၃ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြဝတီအသင်းနှင့် အားကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ – MNL


ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၁၊ နိုင်းမြစ်လမ်း၊ မြေကွက်အမှတ်-၅၁၂၊ အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ ဦးဘိုနီအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့် ရှိကြောင်းကမ်းလှမ်းလာသူ ဦးဝင်းမင်းသိန်း(၁၂/ဒဂတ(နိုင်)၀၁၂၀၂၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်အေးမြမွန် (LL.B, LL.M)
အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈


### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- နားထောင်သူ မရှိလည်း အခွေဖွင့်စက်သုံး၍ တီဗွီဖြင့် သီချင်းခွေများ အချိန်ပြည့် ဖွင့်ထားခြင်းကို ဆင်ခြင်ခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။
- အမှန်တကယ် ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။
- အပေါ်ရေတိုင်ကီ ရေပြည့်သည်နှင့် ရေတင်စက်ကို အလိုအလျောက်ရပ်စေမည့် စနစ်အား အသုံးပြုပါ။ ရေများ လျှံကျသည်ကို မြင်ရ ကြားရမှ ရေမော်တာကို ပြေးပိတ်ခြင်းက လျှပ်စစ်လေလွင့်မှု ဖြစ်စေပါသည်။ မီတာခ ပို၍ ကုန်စေပါမည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၀၃ ဆူ | ၄၁၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၉ ခန်း | ၄၀၆ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၁ တိုင် | ၁၉ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၇ တိုင် | ၆၃ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၅ ကျင်း | ၂၀၈၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၈ ကျင်း | ၁၆၂၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာသောင်းလင်း(ဆမ-၁၅၈၈၄)
### ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး(ရောဂါနှိမ်နင်းရေး)
### ကယားပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန
### အသက်(၅၁)နှစ်

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံကျန်းမာရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအေးသော်တာမွန်၏ခင်ပွန်း ဒေါက်တာသောင်းလင်း(ဆမ-၁၅၈၈၄) အသက်(၅၁)နှစ် ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး(ရောဂါနှိမ်နင်းရေး) ကယားပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ၂-၇-၂၀၂၂ရက် (စနေနေ့) နံနက် ၀၀:၂၅နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကယားပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့်**
**အရာထမ်း/အမှုထမ်းဝန်ထမ်းများ**
**ကယားပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လွိုင်ကော်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဖယ/၃၅၈၈၇ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်တင့်လွင် ၁၀/ကမရ(နိုင်)၁၀၁၀၃၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၃၆၅၈၈ ယာဉ်လက်ဝယ်ရှိသူ ဦးဝမ်းစိန် ၁၀/သဖရ(နိုင်) ၀၃၉၉၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၆၇၂၉၅ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မိုး ၁၀/မဒန(နိုင်)၁၉၁၅၀၀ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ မြို့ကုန်းလမ်းသွယ်(၁)၊ အမှတ်(၁၀)ဟုခေါ်တွင်သော ပေ(၈၀ x ၆၀)အကျယ်ရှိမြေနှင့် ယင်းပေါ်ရှိ ပျဉ်ထောင်တိုက်ခံ(၂)ထပ်အိမ်(၁)လုံး ရေမီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား လုံးအားရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံရောင်းချသူ ဦးလှဇင်ငြိမ်းထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝင်းမာ ၁၂/ပဇတ(နိုင်) ၀၁၉၉၈၃က (၂၉-၆-၂၀၂၂)ရက်တွင် အပြီးအပိုင်ဝယ်ယူလက်ရောက်ရယူခဲ့ကြောင်း၊ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်ပြီး ဒေါ်ဝင်းမာမှ ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်ုပ်ခွင့်မပြုဘဲ၊ မသိရှိဘဲ လွှဲပြောင်းရောင်းချစီမံခန့်ခွဲပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၅၀)(ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ၀၉-၇၉၉၄၂၃၇၉၅)**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိန်သိန်း(ဘ)ဦးမျိုးမြင့် ၁၂/ဒဂန(နိုင်) ၀၃၀၇၇၄၊ အမှတ်(၂၄/၃၃)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဦးစိန်သိန်း၏ ဖခင်ဖြစ်သူ ဦးမျိုးမြင့် ၁၂/အစန(နိုင်) ၁၉၆၉၄၁မှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ခြံ အမှတ်(၇၉/ဘီ)၊ ဧရိယာ(အနံ ၈၀ ပေ x အလျား ၁၆၀ပေ) အကျယ်အဝန်းရှိသော မြေပိုင်မြေကွက်ကြီးမှ မခွဲစိတ်ရသေးသော ဧရိယာ အရှေ့မျက်နှာ၀(အနံ ၄၀ ပေ x အလျား ၆၀ ပေ) အတိုင်းအတာရှိသောမြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၁)လမ်း၊ ခြံအမှတ်(၇၉/ဘီ)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဝယ်ယူလက် ဝယ်ထားရှိပိုင်ဆိုင်ခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးစိန်သိန်း၏ ဖခင်ဖြစ်သူ ဦးမျိုးမြင့်မှာ ဇနီးဖြစ်သူ ဒေါ်ခင်မေကြည်နှင့် တရားဝင်ကွာရှင်းပြီးနောက်ပိုင်း အထက်ပါမြေနှင့် အဆောက်အအုံကို ဝယ်ယူခဲ့ပြီးဖခင်ဖြစ်သူ ဦးမျိုးမြင့်မှာ (၂၈-၁၂-၂၀၁၃)ရက်တွင် ကွယ်လွန်သွားပြီဖြစ်၍ တစ်ဦးတည်းသော သားဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးစိန်သိန်းမှ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အထက်ပါမြေနှင့် အဆောက်အအုံကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါသည်။ ယခုအခါ လူပုဂ္ဂိုလ်အချို့မှ အထက်ပါမြေနှင့် အဆောက်အအုံတွင် ၎င်းတို့အမွေဆက်ခံပိုင်ဆိုင်သယောင်၊ ၎င်းတို့အခွင့်အရေးဆက်ခံခွင့်ရှိသယောင် ထုတ်ဖော်ပြောဆိုမှုများရှိလာပါသည်။ ထို့ကြောင့် ယင်းမြေနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ တရားဝင်အခွင့်အရေး (သို့မဟုတ်)ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ တရားဝင်အခွင့်အရေး(သို့မဟုတ်)ပိုင်ရေးဆိုင်ခွင့် အထောက်အထားခိုင်လုံမှုမရှိဘဲ ကန့်ကွက်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအုန်းရွှေ(LL.B,D.B.L,D.M.L,D.I.L,D.A.Psy)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၀၇)(၁၀-၅-၂၀၁၂)**
**အမှတ်(၇၈၁)၊ ဇမ္ဗူသီရိ(၃)လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ လှည်းလမ်းကူးကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (OSS-၂၁၊ စိန်ကလဲ့အပြင်ကွင်း)၊ ဦးပိုင်အမှတ် (N-၂၄၉/၂)၊ မြေဧရိယာ ၁၀ဒသမ၀၀ဧက(တစ်ဆယ်ဧက)ကျယ်ဝန်းသော ဥယျာဉ်မြေကွက်၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိထားသူ ဦးဘီစိန် (ဘ)ဦးစောသိန်းနိုင် ၁/ကမန(နိုင်)၀၄၃၈၇၈ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထရေဇာ (ဘ)ဦးရှမ်းလ ၁/ကမန(နိုင်)၀၄၀၄၇၃က အဆိုပါဥယျာဉ်မြေနှင့် မြေပေါ်ရှိ သီးပင်၊ စားပင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား သက်ဆိုင်ရာစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါပစ္စည်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာစာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်/ပိုင်ဆိုင်ခွင့်အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါလျှင် အရောင်းအဝယ်ပြုလုပ်ခြင်းအား တည်ဆဲဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးဇော် (တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၁၀၂၈၁/၂၇-၁-၂၀၁၅)**
**အမှတ်(က/၃၆၇)၊ ဗန္ဓုလလမ်း၊ အမှတ် (၃)ရပ်ကွက်၊ မြဝတီမြို့၊**
**ဖုန်း-၀၉-၇၈၅၅၇၅၇၂၇**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၇၂)အဒွင်းကွင်း၊ ဦးပိုင်အမှတ်(၂၄)၊ မြေဧရိယာ(၁ ဒသမ၈၀)ဧကရှိ မြေကွက်အား ဦးထွေးဝေ အမည်ဖြင့် မြေပေးမိန့်ချထားပေးနိုင်ပါရန် တင်ပြခဲ့မှုအပေါ် ဂရန်လျှောက်ထားစေရေး ကာယကံရှင်အား ခေါ်ယူရှင်းလင်းပြောကြားသွားရန် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၂၉-၁၂-၂၀၂၁)ရက်စွဲပါစာအမှတ်၊ ၁၁၇၆၅/၂၀၀ (၃)/၅-၃/အဖရ(တနင်္သာရီ)ဖြင့်အကြောင်းကြားခဲ့ပါသည်။ အဆိုပါ မြေနေရာအား စက်မှု/စီးပွားမြေငှားဂရန်(အသစ်)လျှောက်ထားနိုင် ရေး ဦးထွေးဝေ ၆/မအရ(နိုင်) ၀၀၂၀၄၉၊ ဒေါ်ဇင်မာမြင့် ၆/မအရ(နိုင်)၀၉၈၇၂၀တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ပိတောက်ရိပ်သာလမ်း၊ အမှတ် ၂၀၃(က)ရှိ အလျား (၃၀) ပေ x အနံ (၆၀)ပေ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်မိတ်ဆွေဖြစ်သူများက ဦးမင်းသန့်ကြည် ၁၂/အစန(နိုင်) ၁၆၆၄၅၅ဆိုသူထံမှ (၃-၁-၂၀၂၁)ရက်က အပြီးအပြတ်ဝယ်ယူလက်ရောက်ရရှိကာ သော့ခတ်ပိတ်လျက်ထားရှိပါ သည်။ အဆိုပါအိမ်ခြံမြေ ဥပစာနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဆန်းဝင်း ၈/စလန(နိုင်) ၁၀၆၆၄၇-ဒေါ်မျိုးမျိုးမြင့် ၁၄/ပသန(နိုင်) ၁၇၉၅၁၇တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ငုဝါလှိုင်(LL.B)(စဉ်-၅၀၉၀၅)** | **ဦးကြည်စိုး(LL.B)(စဉ်-၇၃၇၂)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၂၆၃၉၀၀၃၉၉၊ ၀၉-၂၅၃၀၆၀၁၀၂**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃)
## မြင်းခြံခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၂
## ကွယ်လွန်သူ ဦးဇော်လင်းခိုင် ၏ မိသားစုပင်စင်နှင့် လုပ်သက်ဆုနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့၊ အမှတ်(၄)ရပ်ကွက်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဇော်လင်းခိုင်၏ မိသားစုပင်စင်နှင့် လုပ်သက်ဆုအပေါ်၌ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃ အရ အမွေဆက်ခံခွင့်လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ယဉ်မွေးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ်ဇူလိုင် ၂၅ ရက်(၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဇော်လင်းခိုင်၏ မိသားစုပင်စင်နှင့် လုပ်သက်ဆုတို့နှင့် သက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ ခုနှစ် ဇူလိုင် ၂၅ ရက် (၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်)၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေဆက်ခံခွင့်လက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဒေါ်ယဉ်မွေး၏ လျှောက်လွှာ အပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်။

၂၀၂၂ခုနှစ် ဇွန် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လှထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မြင်းခြံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ပိတောက်ရိပ်သာလမ်း၊ အမှတ် ၂၄၈(က)ရှိ အလျား (၂၀) ပေ x အနံ (၆၀)ပေ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်မိတ်ဆွေဖြစ်သူများက ဦးမင်းသန့်ကြည် ၁၂/အစန(နိုင်) ၁၆၆၄၅၅ဆိုသူထံမှ (၁၆-၁-၂၀၂၀)ရက်က အပြီးအပြတ်ဝယ်ယူလက်ရောက်ရရှိကာ သော့ခတ်ပိတ်လျက်ထားရှိပါသည်။ အဆိုပါအိမ်ခြံမြေ ဥပစာနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဆန်းဝင်း ၈/စလန(နိုင်) ၁၀၆၆၄၇-ဒေါ်မျိုးမျိုးမြင့် ၁၄/ပသန(နိုင်) ၁၇၉၅၁၇**
**တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်တင်မိုးနွယ်(LL.B,LL.M)(စဉ်-၃၅၇၉၀)** | **ဦးကြည်စိုး(LL.B)(စဉ်-၇၃၇၂)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၂၆၃၉၀၀၃၉၉၊ ၀၉-၄၂၀၁၃၅၅၅၄**

## အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ မြို့သစ်(၂)ရပ်၊ (၁၅)လမ်းနေ ဦးတင်သန်း၏ သမီး ဒေါ်စန်းသူဇာသန်း ၉/မထလ(နိုင်) ၂၃၅၅၅၆ အရောင်းအဝယ်လုပ်ကိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းသူဇာသန်းသည် မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ မြို့သစ်(၂)ရပ်၊ (၁၅)လမ်း ရှိမြေကွက်အမှတ်(၇၂)၊ အိမ်အမှတ်(၇/၆၉)၊ အရှေ့လားသော်-ဦးအောင်ရဲဇော်၏ နေအိမ်၊ အနောက်လားသော်-ဒေါ်မျိုးမမ၏နေအိမ်၊ တောင်လားသော်-ဒေါ်စန်းစန်း၏နေအိမ်၊ မြောက်လားသော်-လမ်းမြေ အလားလေးရပ်အတွင်းရှိ (၄၀x၆၀)ပေဝိုင်းမြေကွက်နှင့်ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော (၄x၄)ပင်ပတ်လည် တစ်ထပ်နံကပ်အုတ်ကြွပ်မိုး ရေချိုးခန်း၊ ရေလောင်းအိမ်သာ၊ ရေမီးအစုံအလင်တို့အား အရောင်းအဝယ် ပြုလုပ်ရန် စီစဉ်နေပြီဖြစ်ပါသဖြင့် အဆိုပါနေအိမ်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အချင်းဖြစ်ဝိုင်းမြေ နေအိမ်၏ ပိုင်ဆိုင်ခွင့် အထောက်အထားပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင်အောင် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက နေအိမ်ဝိုင်းမြေ အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းသူဇာသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မြင့်ရွှေ(B.A,Hist)(H.G.P)**
**အထက်တန်းရှေ့နေ(စဉ်-၁၂၅၆၀)(၇-၂-၁၉၈၆)**
**အမှတ်(၄/၂၂၁)၊ ရန်အောင်မြင်လမ်း၊ မြို့သစ်(၁)ရပ်၊ အောင်ဆန်းရပ်ကွက်၊**
**မိတ္ထီလာမြို့၊ ဖုန်း-၀၉-၂၅၆၅၁၈၅၆၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မြင်းခြံမြို့နယ်တရားရုံးတော်၌
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၂၁

| | | |
|---|---|---|
| ဒေါ်အေးအေးအောင် | နှင့် | ၁။ ဒေါ်အိခိုင်ဇင် |
| | | ၂။ ဒေါ်မြရွှေ |
| | | (အတူနေသားအမိ) |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ် (၆)ရပ်ကွက်၊ နယ်မြေ(၆)နေ ဒေါ်အိခိုင်ဇင် (ယခုနေရပ်လိပ်စာမသိ သူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးအေးအောင်က နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်း ကတိစာချုပ်ချုပ်ဆို ရယူသွားသော ငွေကျပ် ၆၅ သိန်းနှင့် နစ်နာကြေးငွေ ကျပ် ၁၀ သိန်း စုစုပေါင်း ကျပ် ၇၅သိန်းရလိုမှုနှင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၅ ရက် (၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဇွန် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဆွတ်ရိန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မြင်းခြံမြို့နယ်တရားရုံး**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မြတ်လေးနွယ်လမ်း၊ အမှတ်(၂၁၄)ဟုခေါ်တွင်သည့် ပထမထပ် ခြေရင်း (B-2)၊ အကျယ်အဝန်း (၁၂ ၁/၂ x၅၀)ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ထားသောကန်ထရိုက်တာ ဒေါ်မြမြသွင် ၁၂/ပဇတ(နိုင်) ၀၁၃၁၈၀ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးသိန်းအောင် ၁၂/လမန(နိုင်) ၀၉၁၂၆၈က ဝယ်ယူရန်အတွက် (၁-၇-၂၀၂၂)ရက်တွင် တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်ချုပ်ဆိုပြီး ဖြစ်ရာအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက် အတွင်းကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မီမီအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၃၃)**
**တိုက်(A-6)၊ အခန်း(107)၊ ရွှေခင်းသာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၀၉၉၉၇၈၁၆**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပုံကျွန်းရပ်ကွက်၊ ဒါနလမ်း၊ အမှတ်(၇၁၈)နေ ဦးတင်ထွေး ၆/ထဝန(နိုင်) ၀၉၄၆၃၅နှင့်ဒေါ်စန္ဒာ ၆/လလန(နိုင်) ၀၉၈၀၇၃တို့၏သား မောင်သားကြီး(ခ)ကျော်လွင်ဦး ၆/ထဝန(နိုင်) ၁၅၉၁၇၈သည် မိဘဆိုဆုံးမမှုကို လိုက်နာခြင်းမရှိဘဲ မိဘများအားအမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါ ကြောင်းနှင့် နောက်နောင်တွင် မောင်သားကြီး(ခ)ကျော်လွင်ဦး၏ ပြုလုပ်မှုနှင့်ပတ်သက်၍ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးတင်ထွေး၊ ဒေါ်စန္ဒာ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်61/7966 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## မွေးသက္ကရာဇ်အမှန်

၂၀၂၂ခုနှစ် မတ်လတွင် ကျင်းပပြီးစီးခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ခုံအမှတ် ဖရ-၁၀၄၉ ဖြင့် အောင်မြင်သူ ရေနံချောင်းမြို့၊ မန်ကျည်းလေးပင်ရပ်နေ မအိန္ဒြာရွှေစင်လင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၁၂-၂၀၀၃ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သုဓမ္မစာရီလမ်း၊ မေတ္တာညွန့်အိမ်ရာ၊ တိုက်အမှတ်(၄၄၈-၄၅၀)၊ အခန်းအမှတ်(၃၀၄)၏ အမည်ပေါက် ဒေါ်စုစီလှသန္တာ ၁၂/သဃက(နိုင်) ၀၁၃၇၀၅မှ အဆိုပါတိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်မှာ အိမ်အပြောင်းအရွှေ့တွင် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့် ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊**
**နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ တိုက်အမှတ်(၁၁၃၉/၁၁၄၀)၊ အခန်းအမှတ်(၀၀၄)၏ မူလ အမည်ပေါက် ဒေါ်ချိုချိုလှ ၁၂/သဃက(နိုင်) ၀၃၄၅၇၁ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားကြောင်း အထောက်အထားများတင်ပြ၍ ဦးလူလေး ၁၂/ကတတ(နိုင်) ၀၁၅၈၈၉၏ အမည်သို့ ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(အေးသာယာ)၊ မဥ္ဇူ(၅)လမ်း၊ မြေကွက်အမှတ်(၁၇၁/A)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးကြီးညို (TGA- ၀၂၈၄၁၆) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမြတ်မင်းဟိန်း (၁၂/တမန (နိုင်) ၁၀၂၅၂၉) ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.M.L.,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) |
| **Hein Htet San Law Firm** | ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ သခင်ထွန်းအုပ်လမ်း၊ မြေကွက်အမှတ် (၈၂၀)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးအောင်ဂမ်(၁၂/အစန (နိုင်) ၁၀၂၄၀၅)နှင့် ဒေါ်ဘီခေါင်ယန်း (၁၃/ကခန (နိုင်) ၀၀၆၂၃၀)တို့(၂)ဦး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်စု (AB- ၀၂၈၅၈၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-အေ)၊ (၁၀)ရပ်ကွက်၊ လူနေရပ်ကွက်အမှတ် (ချမ်းသာရွှေပြည်အိမ်ရာ)၊ ငုဝါလမ်း၊ ခြံအမှတ် (E-17)၊ မြေကွက်အမှတ် (7-E)၊ အကျယ်အဝန်း(၆၂ပေ× ၇၇ပေ/ ၇၈ပေ)ရှိ ဒေါ်ဆွေဆွေထွန်း (၁၂/အလန (နိုင်) ၀၂၅၇၂၈) အမည်ပေါက် ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြူကြူမြင့် (ခ) အန်းနောင် (၉/ခအဇ (နိုင်) ၀၀၁၉၆၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါကကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆ |

**တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှသင်ခန်းစာ ရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို ဆက်လက်ကြိုးပမ်း တည်ဆောက်သွားကြရမည် ဖြစ်ပါသည်။**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေး



## ကုလသမဂ္ဂနှင့် အာဆီယံတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ဆွေးနွေး

ပုဂံ ဇူလိုင် ၃

မြန်မာနိုင်ငံ ပုဂံမြို့တွင် ကျင်းပသည့် (၇) ကြိမ်မြောက် မဲခေါင် - လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ တို့သည် ယနေ့နံနက် ၁၁ နာရီတွင် မြန်မာ - တရုတ် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ပုဂံမြို့ နန်းမြင့်မျှော်စင် ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ၌ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုမြှင့်တင်သွားရေး၊ မြန်မာ - တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်သွားရေး၊ တရုတ်နိုင်ငံမှ ဓာတ်မြေသြဇာများ မြန်မာနိုင်ငံသို့ ပိုမိုတင်သွင်းနိုင်ရေး၊ မြန်မာနိုင်ငံမှ လယ်ယာနှင့် ရေထွက်ကုန်များ တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့သွားနိုင်ရေး၊ မြန်မာပညာသင်များ တရုတ်နိုင်ငံသို့ပြန်လည်ဝင်ရောက်ခွင့်ရရှိရေး၊

*စာမျက်နှာ ၇ ကော်လံ ၁* ❍

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။


ယနေ့ ဖတ်စရာ

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ — စာ - ၁၄

..................

ဥကရစ်ထနယ်မြေအတွင်း အကြမ်းဖက်သမားများ ခိုအောင်းအခြေချနေထိုင်မှုမရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် — ပြည်တွင်းသတင်း — စာ - ၂၄

..................

အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စုဒုတိယပွဲအဖြစ် မြန်မာနှင့်ထိုင်း ယနေ့ကစားမည် — အားကစားသတင်း — စာ - ၂၆


## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၃

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ

*စာမျက်နှာ ၂ ကော်လံ ၃* ❖